# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၂၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံအတွင်း နေထိုင်ကြသူအားလုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်းချမ်းသာကြွယ်ဝပြီး နိုင်ငံ့စီးပွားကောင်းမွန်လာမည်

## စီးပွားရေးအားကောင်းမွန်မှသာ နိုင်ငံ၏ ကာကွယ်ရေးအားသည်လည်း ကောင်းမွန်မည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆



ယနေ့ *မာတိကာ*



ဝသုန္ဒရာကာလ

ဝသုကာရတွေကြားက တို့ပြည်ထောင်စုနယ်မြေ

ဆောင်းပါး | စာ ၁၀



အီရတ်နိုင်ငံက ဇန်နဝါရီလအတွင်း ရေနံစိမ်းစည် ၁၀၃ သန်းကျော် တင်ပို့

နိုင်ငံတကာသတင်း | စာ ၁၃

◆ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့အနေဖြင့် ပထမဆုံးအကြိမ် ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစိုးရအဖွဲ့အသစ်အနေဖြင့် စိတ်ဓာတ်အသစ်၊ ခွန်အားအသစ်များဖြင့် တာဝန်ထမ်းဆောင်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ကာလများအတွင်း အပြောင်းအလဲအချို့ရှိခဲ့သော်လည်း ချမှတ်ထားသည့် မူဝါဒများပြောင်းလဲမှုမရှိဘဲ ဆောင်ရွက်ခဲ့ရာ အခက်အခဲအကျပ်အတည်းများကြားမှ အတိုင်းအတာတစ်ခုအထိ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် မှတ်တမ်းတင်ပါကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သည့် ရှိပြီးသားအခြေခံကောင်းများကို အသုံးချ၍ လာမည့်ကာလများအတွင်း မိမိတို့၏ မျှော်မှန်းချက်များ ယခုထက် ပိုမိုတိုးတက်အောင်မြင်စေရေး ထိထိရောက်ရောက်ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍတို့၌ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် အခြေခံအားဖြင့် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် စီးပွားရေး၊ လူမှုရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူတစ်ဦးချင်းစီ၏ ကြိုးပမ်းမှုအပေါ်တွင် မူတည်သော်လည်း ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အစိုးရအဖွဲ့မှ ဖန်တီးပံ့ပိုး ဦးဆောင် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီအစိုးရများတွင် အစိုးရများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း။

မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်သော်လည်း နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ချိန်တွင် နိုင်ငံ့စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးအရ အားနည်းချက်များရှိခဲ့ခြင်းကြောင့် နိုင်ငံ၏အခြေအနေကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ပေးနေရခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအားနည်းချက်မှာ မသမာမှုရှိသည့် မဲရလဒ်များဖြင့် နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်းဖြင့် ရယူနိုင်ရေး ဆောင်ရွက်ခဲ့ပြီး မရိုးသားသည့်နည်းဖြင့် ဒီမိုကရေစီကိုပုံဖော်ခဲ့သည့်ကိစ္စဖြစ်ကြောင်း၊ သန့်ရှင်းသည့် နိုင်ငံရေး၊ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်၊ စစ်မှန်သည့်ဒီမိုကရေစီနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ရှိသည့် ပြည်ထောင်စုတစ်ရပ်ဖြစ်စေရေး မိမိတို့အနေဖြင့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားများ အားကောင်းရန်လိုအပ်

နိုင်ငံတစ်ခုတိုးတက်စေရန်အတွက် မောင်းနှင်အားများဖြစ်သည့် နိုင်ငံရေးအား၊ စီးပွားရေးအားနှင့် ကာကွယ်ရေးအားများ ကောင်းမွန်နေရန်လိုကြောင်း၊ နိုင်ငံရေးအားကောင်းမွန်ရန်အတွက် မှန်မှန်ကန်ကန် ဦးဆောင်နိုင်သူများက မှန်ကန်သည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် စနစ်တကျမှန်ကန်စွာဖြင့် ဦးဆောင်နိုင်မည်ဆိုပါက တည်ငြိမ်အေးချမ်းပြီး နိုင်ငံစည်းလုံးညီညွတ်နေမည်ဖြစ်ကြောင်း၊ စီးပွားရေးအရ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံအတွင်း နေထိုင်ကြသူအားလုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်းချမ်းသာကြွယ်ဝပြီး နိုင်ငံ့စီးပွားကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အူမတောင့်မှ သီလစောင့်မည်ဆိုသည့်အတိုင်း စီးပွားရေးအားကောင်းမွန်မှသာ နိုင်ငံ၏ ကာကွယ်ရေးအားသည်လည်း ကောင်းမွန်မည်ဖြစ်ကြောင်း။

## ထိရောက်သည့် ကာကွယ်ရေးစွမ်းပကားနှင့် တရားဥပဒေစိုးမိုးရေးယန္တရားတည်ဆောက်ရန်လိုအပ်

ကာကွယ်ရေးစွမ်းပကား ကောင်းမွန်စေရန်အတွက် လိုအပ်ချက်များကို ငွေကြေးများအသုံးပြု၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်အတွင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်သားများက တာဝန်ထမ်းဆောင်လျက်ရှိပြီး တွဲဖက်အင်အားအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ထမ်းဆောင်လျက်ရှိပြီး အားလုံးက စွန့်စွန့်စားစားဖြင့် အသက်သွေးချွေးများပေးဆပ်၍ တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ၎င်းတို့ကို တတ်နိုင်သမျှ အသိအမှတ်ပြုချီးမြှင့်အားပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရတစ်ခုတည်းကသာမက အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ၎င်းတို့အနေဖြင့် အစိုးရကိုကာကွယ်နေခြင်းမဟုတ်ဘဲ နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်နေခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များတာဝန်ထမ်းဆောင်နေခြင်းသည် တစ်နိုင်ငံလုံး တရားဥပဒေစိုးမိုးရေးအတွက်ဖြစ်ကြောင်း၊ ၎င်းတို့၏ တာဝန်ထမ်းဆောင်လိုစိတ်များရှိအောင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ တိုးတက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကာကွယ်ရေးနှင့်ပတ်သက်၍ စွမ်းရည်ရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့် ကာကွယ်ရေးဟု နှစ်ခုရှိကြောင်း၊စွမ်းရည်ရှိရန်အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စွမ်းအားရှိရန်အတွက် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လိုကြောင်း၊ ခေတ်စနစ်နှင့် ကိုက်ညီသည့် ပစ္စည်းများကို အသုံးပြုနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့် ကာကွယ်ရေးဖြစ်စေရန်အတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ၏ အင်အားမှာ နိုင်ငံနှင့် ကိုက်ညီသည့် အင်အားရှိနေရန်လိုပြီး အရည်အချင်းပြည့်ဝသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ ပြည်သူများက ယုံကြည်အားကိုးသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လည်းလိုပြီး ပြည်သူများနှင့် တစ်သားတည်းဖြစ်သည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ဥပဒေကိုနားလည်ပြီး အသိတရားဖြင့် ဥပဒေကိုလိုက်နာရန်လိုကြောင်း၊ ထိုသို့နားလည်ရန်အတွက် အတန်းပညာများ တတ်မြောက်ရန် လိုအပ်သဖြင့် မိမိတို့အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံအတွင်း၌ ထုတ်ကုန်များထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ပို့ကုန်များ နည်းပါးလျက်ရှိသဖြင့် နိုင်ငံခြားငွေသုံးစွဲမှုမူဝါဒကို ပြောင်းလဲပြင်ဆင်ပေးခဲ့ရာ ပို့ကုန်များ တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ပို့ကုန်များတိုးမြှင့်ခြင်းကြောင့် ပြည်တွင်းလိုအပ်ချက်များမဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် စီးပွားရေးမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ပေးရန် ပြည်ထောင်စုဝန်ကြီးဌာနများက ဦးဆောင်မှုပေးရန်လိုအပ်သကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် စီးပွားရေးမောင်းနှင်အားများ ကောင်းမွန်နေရန်လိုကြောင်း၊ နိုင်ငံ၏ အဓိကထုတ်ကုန်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်သဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်း ၄ သွယ်ဖြင့် သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေးဆောင်ရွက်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ်တွင် များစွာမူတည်နေကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်အထူးအလေးပေးဆောင်ရွက်ကြစေလိုကြောင်း၊စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ဆောင်ရွက်နေသူများအနေဖြင့် Skill Labour များဖြစ်စေရေးအတွက်လည်း ဆောင်ရွက်ပေးရန် လိုကြောင်း။

မိမိတို့နိုင်ငံ၏ စားသုံးမှုတွင် ဆီနှင့် နို့ထွက်ပစ္စည်းများရှိပြီး ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများစွာသုံးစွဲနေရကြောင်း၊ ပြည်တွင်း၌ ဆီထွက်သီးနှံများစိုက်ပျိုးနိုင်သည့် မြေနေရာများ များစွာရှိသဖြင့် ဆီထွက်သီးနှံများစိုက်ပျိုးဖြစ်ထွန်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဆီထွက်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး အထူးအလေးပေး ဆောင်ရွက်ကြစေလိုကြောင်း၊ နို့ထွက်ပစ္စည်းများကိုလည်း ပြည်တွင်း၌ ယခုထက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံတွင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ရေခံမြေခံကောင်းများရှိခြင်းကြောင့် ထုတ်လုပ်မှုများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျလာမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျသွားမည်ဆိုပါက ပြည်တွင်းငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်ကာ နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာမည်ဆိုပါက ပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေသည့် ပြည်သူများ အသိပညာ၊ အတတ်ပညာများရရှိအောင် ဝန်ကြီးဌာနများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အလားတူ ကုန်ထုတ်လုပ်ငန်းအတွက် လိုအပ်သည့်ကုန်ထုတ်လမ်းများနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေး၊ အလုပ်အကိုင်များရရှိရေး၊ အသိပညာများရရှိရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် ဝန်ကြီးဌာနများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ကျေးလက်နေပြည်သူများ၏ အလုပ်လုပ်နိုင်စွမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## MSME လုပ်ငန်းများမှ အရေအတွက်ထက် အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများသည် အရေးကြီးပြီး မိမိတို့နိုင်ငံအတွက်သာမက နိုင်ငံတကာတွင်လည်း MSME လုပ်ငန်းများသည် အရေးပါသည့်အခန်းကဏ္ဍ၌ ရှိနေကြောင်း၊ အိမ်တွင်းစက်မှုလုပ်ငန်း အသေးစားလုပ်ငန်းများမှသည် အလတ်စားကုန်ထုတ်လုပ်ငန်းများအထိ ဆောင်ရွက်နေကြကြောင်း၊ စက်မှုနိုင်ငံကြီးများသည်ပင်လျှင် MSME လုပ်ငန်းများဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတွင် အခရာကျသည့်နေရာ၌ရှိပြီး အရေအတွက်မဟုတ်ဘဲ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရည်မြင့်မားသူများဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ ခေတ်စနစ်နှင့် လျော်ညီသည့် *စာမျက်နှာ ၄ သို့*

❑ နိုင်ငံတစ်ခုတိုးတက်စေရန်အတွက် မောင်းနှင်အားများဖြစ်သည့် နိုင်ငံရေးအား၊ စီးပွားရေးအားနှင့် ကာကွယ်ရေးအားများ ကောင်းမွန်နေရန်လို၊ နိုင်ငံရေးအားကောင်းမွန်ရန်အတွက် မှန်မှန်ကန်ကန် ဦးဆောင်နိုင်သူများက မှန်ကန်သည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် စနစ်တကျမှန်ကန်စွာဖြင့် ဦးဆောင်နိုင်မည်ဆိုပါက တည်ငြိမ်အေးချမ်းပြီး နိုင်ငံစည်းလုံးညီညွတ်နေမည်ဖြစ်

❑ ကာကွယ်ရေးစွမ်းပကား ကောင်းမွန်စေရန်အတွက် လိုအပ်ချက်များကို ငွေကြေးများအသုံးပြု၍ ဆောင်ရွက်ရခြင်းဖြစ်၊ လက်ရှိအချိန်အတွင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်သားများက တာဝန်ထမ်းဆောင်လျက်ရှိပြီး တွဲဖက်အင်အားအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ထမ်းဆောင်လျက်ရှိ

❑ အားလုံးက စွန့်စွန့်စားစားဖြင့် အသက်သွေးချွေးများပေးဆပ်၍ တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ၎င်းတို့ကို တတ်နိုင်သမျှ အသိအမှတ်ပြုချီးမြှင့်အားပေးကြရမည်

# MSME လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတွင် အခရာကျသည့်နေရာ၌ရှိပြီး အရေအတွက်မဟုတ်ဘဲ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရမည်ဖြစ်

❖ **မကြာမီတွင် အခြေခံပညာကျောင်းများ စာမေးပွဲဖြေဆိုကြတော့မည်ဖြစ်ပြီး ကျောင်းတက်နေသည့် ကလေးများအားလုံး ကျောင်းမပျက်မကွက် တက်ရောက်နိုင်ရေး၊ စာမေးပွဲကို ချောမွေ့စွာပြီးစီးနိုင်ရေး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအပါအဝင် အုပ်ချုပ်ရေး အဆင့်ဆင့်မှ တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လို**

◆ **လက်ရှိကာလတွင် ပူပြင်းခြောက်သွေ့သည့်ရာသီဥတုသို့ ရောက်ရှိလာနေပြီဖြစ်သည့်အတွက် ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများ၌ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်လို**

*စာမျက်နှာ ၃ မှ*

နည်းပညာများကို အကျိုးရှိရှိ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာ ပြည့်စုံသည့် လူသားအရင်းအမြစ်များ၊ ခေတ်မီနည်းပညာများ စသည့်နယ်ပယ်တို့ကို ပေါင်းစပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းကို ရှာကြံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ကြမ်းများ၊ သွင်းအားစုများ ပြည့်မီစွာရရှိရေးပင်ဖြစ်ကြောင်း၊ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ခြင်းသည် သေချာသည့် ကုန်ထုတ်လုပ်ငန်းပင်ဖြစ်သဖြင့် ကုန်ကြမ်းများကို နည်းပညာများအသုံးပြု၍ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ကုန်ကြမ်းသာမက အခြားလိုအပ်သည့် သွင်းအားစုများ၊ အရင်းအနှီးများ ရရှိရေးအတွက်လည်း ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် ပထမဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးလုပ်ငန်းသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်**ကြောင်း။

### ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ အားပေးမြှင့်တင်ရေး

မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် အသိပညာ၊ အတတ်ပညာ ပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ပညာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ အနည်းဆုံး အလယ်တန်းပညာအဆင့် KG + 9 အထိ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး အခြားလိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်စေရေးအတွက် ပညာရေးဝန်ထမ်းများကို ချီးမြှင့်မြှောက်စားခြင်း၊ စားဝတ်နေရေးအဆင်ပြေအောင် ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့၏ အရည်အသွေးများ မြှင့်တင်ပေးခြင်းတို့ဖြင့် မြှင့်တင်ဆောင်ရွက်နေကြောင်း၊ ဝေးလံခေါင်ဖျားသည့် နယ်စွန်နယ်ဖျားများ၌ သွားရောက်တာဝန်ထမ်းဆောင်နေရသည့် ပညာရေးဝန်ထမ်းများကိုလည်း လေးစားတန်ဖိုးထားရန်လိုပြီး အစိုးရသာမက ဒေသအလိုက် တာဝန်ရှိသူများကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ၎င်းတို့သည် နိုင်ငံ့အနာဂတ်အတွက် အရေးကြီးသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး တာဝန်ကျရာနေရာဒေသအသီးသီးသို့ အခက်အခဲအမျိုးမျိုးကြားမှ သွားရောက်တာဝန်ထမ်းဆောင်နေရခြင်း ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်းဖြင့် ပညာရေးကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့ပညာရေးမြှင့်တင်မှုနှင့် ပတ်သက်လာပါက အပေါ်ယံမကြည့်ဘဲ လေးလေးနက်နက် စဉ်းစား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

အလားတူ ပညာရေးကို အထောက်အကူပြုနေသည့် အခြားလုပ်ငန်းရပ်တစ်ခုဖြစ်သည့် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးနှင့် ပတ်သက်၍လည်း အလေးပေးဆောင်ရွက်သွားရမည်ဖြစ်ပြီး ကျန်းမာရေးကောင်းမွန်မှသာလျှင် ပညာရေး၊ လူမှုရေး၊ စီးပွားရေး ကောင်းမွန်အောင် ဆောင်ရွက်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများကို အားပေးရမည်၊ စောင့်ရှောက်ပေးရမည်ဖြစ်ပြီး ဆေးရုံများ သန့်ရှင်းသာယာလှပရေးနှင့် အဆောက်အဦများ ပြည့်စုံကောင်းမွန်ရေး၊ ဆေးဝါးအထောက်အကူပြုပစ္စည်းများ ပြည့်စုံစေရေးတို့အတွက် တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိပြီး ထပ်မံ၍လည်း လိုအပ်သည်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်ပါက လိုအပ်သည်များအားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

### မျှတမှုများရှိအောင် ဆောင်ရွက်ပေး

လက်ရှိအချိန်တွင် အစိုးရအဖွဲ့အတွင်း၌ တာဝန်ပေးခန့်အပ်ထားသည့် ပြည်ထောင်စုဝန်ကြီးအများစုမှာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ အများစုပါဝင်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ကိုယ်ချင်းစာတရားဖြင့် သာတူညီမျှအုပ်ချုပ်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအား ရာထူးနှင့်ပတ်သက်၍ တိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ မျှတမှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဌာနများအလိုက် တာဝန်ထမ်းဆောင်မှုများ ကျေပွန်အောင် ထမ်းဆောင်နိုင်ရန်နှင့် ဌာနအတွင်း မျှတမှုများရှိအောင် ဆောင်ရွက်ပေးရန် လိုကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးများနှင့် အဆင့်ဆင့်တာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများအပေါ် သာတူညီမျှ ကွပ်ကဲအုပ်ချုပ်ကြရန်လိုပြီး အမြဲမပြတ်ထိတွေ့ ဆက်ဆံကာ ၎င်းတို့၏လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ကိုယ်ရေးကိုယ်တာ အခက်အခဲများကိုသိရှိအောင် ဆောင်ရွက်ကာ တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးများကိုလည်း မြှင့်တင်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ စည်းကမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည့် ကွပ်ကဲကြပ်မတ်မှုများလည်း ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် လိုအပ်သည့် လမ်းညွှန်မှုများကိုလည်း ပေးနိုင်ရမည်ဖြစ်ပြီး မသွားသင့်သည့်နေရာကို မသွားရန်၊ မပေါင်းသင့်သည့်သူကို မပေါင်းရန်၊ မပြောသင့်သည့်စကားကို မပြောရန်၊ မလုပ်သင့်သည့်အလုပ်ကို မလုပ်ရန် စသည်ဖြင့် လမ်းကြောင်းမှန်ကို ပြသပေးနိုင်ရမည်ဖြစ်ကြောင်း၊ **နိုင်ငံ့ဝန်ထမ်းများအား လမ်းကြောင်းမှန်ကို တည့်မတ်ပေးခြင်းသည် နိုင်ငံ့အကျိုးကို ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်**သည့်အတွက် ဝန်ကြီးများအနေဖြင့်လည်း စဉ်းစားချင့်ချိန် ဆောင်ရွက်သွားကြရန်လိုကြောင်း။

### ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များအား ထိရောက်စွာအသုံးချ

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာတွင် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ဖက်ဒရယ်ဟူသည့် စကားရပ်ကို သိရှိရန်လိုပြီး ဖက်ဒရယ်ဟူသည်မှာ လုပ်ပိုင်ခွင့်များကို တာဝန်ခွဲဝေပေးခြင်းဖြစ်ပြီး ပေါင်းစည်းခြင်း၊ သဟဇာတဖြစ်ခြင်းပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသောကဏ္ဍများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေပြဋ္ဌာန်းပြီး လုပ်ဆောင်၍ရသည်များရှိကြောင်း၊ ဥပဒေမထုတ်ပြန်နိုင်သေးပါက ပြည်ထောင်စုမှ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ညွှန်ကြားချက်များထုတ်ပြန်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လုပ်ဆောင်ပေး၍ရကြောင်း၊ ထိုကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်တွင် လုပ်နိုင်သည့် လုပ်ပိုင်ခွင့်များကို လုပ်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ဖက်ဒရယ်အပေါ်တွင် ယုံကြည်မှုများ လျော့နည်းလာခြင်းဖြစ်ကြောင်း၊ **ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းထားသည့်၊ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုပြီး တိုင်းပြည်အကျိုးကို ဖော်ဆောင်ပေးနိုင်ရေး စဉ်းစားဆွေးနွေးဆောင်ရွက်ကြရန်လို**ကြောင်း။

### အခြေခံပညာကျောင်းများ၏ စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး

မကြာမီတွင် အခြေခံပညာကျောင်းများ စာမေးပွဲဖြေဆိုကြတော့မည်ဖြစ်ပြီး ကျောင်းတက်နေသည့် ကလေးများအားလုံး ကျောင်းမပျက်မကွက် တက်ရောက်နိုင်ရေး၊ စာမေးပွဲကို ချောမွေ့စွာပြီးစီးနိုင်ရေး အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများအပါအဝင် အုပ်ချုပ်ရေး အဆင့်ဆင့်မှ တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

လက်ရှိကာလတွင် ပူပြင်းခြောက်သွေ့သည့်ရာသီဥတုသို့ ရောက်ရှိလာနေပြီဖြစ်သည့်အတွက် ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများ၌ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တစ်ဖက်တွင်လည်း မိမိတို့၏ နေအိမ်များ၊ လမ်းများ၊ ရပ်ကွက်၊ ကျေးရွာများ၊ ကျောင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ သာယာလှပမှုရှိစေရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မကြာမီတွင် နွေရာသီကျောင်းပိတ်ရက်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ခရီးသွားကာလ စတင်တော့မည်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသနှင့် ပတ်ဝန်းကျင် မျက်စိပသာဒရှိစေရေး၊ စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ခရီးသွားလုပ်ငန်းကို အားပေးဆောင်ရွက်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ဒေသအလိုက် နေထိုင်သူများ၊ တာဝန်ရှိသူများအားလုံး အတူတကွ ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ခရီးသွားလုပ်ငန်းဆောင်ရွက်ရာတွင် နေရာဒေသအလိုက် မိမိတို့ဒေသသို့ လာရောက်ကြသူများအား စနစ်ကျနပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမှုရှိသည့် နေထိုင်စားသောက်မှုဝန်ဆောင်မှုကို ပေးနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

တစ်ဆက်တည်းတွင် နွေရာသီကာလသို့ ရောက်ရှိသည့်အချိန်တိုင်း ဖြစ်လေ့ဖြစ်ထရှိသည့် ရေရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်ထားကြရန်လိုကြောင်း၊ သောက်သုံးရေများဖူလုံစွာရရှိရေး၊ ချောင်း၊ မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် လိုအပ်သည်များကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားကြရန်လိုပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးသည် စည်ပင်သာယာမှ တာဝန်ရှိသူများဖြင့်သာ ဆောင်ရွက်သည်နှင့် လုံလောက်မည်မဟုတ်ဘဲ ရပ်ရွာလူထုမှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **တိုင်းပြည်တစ်ပြည်တိုးတက်ရေးအတွက် အစိုးရမှ ဦးဆောင်ရမည်မှာ မှန်သော်လည်း ပြည်သူလူထုတစ်ရပ်လုံးမှ စုပေါင်းအားဖြင့် ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းနိုင်မည်ဖြစ်**ကြောင်း၊ ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများ ပြည်သူလူထုစုပေါင်းအားများဖြင့် ဆောင်ရွက်နိုင်ရေး မိမိတို့အစိုးရအနေဖြင့် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက နှစ်အလိုက် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းအခြေအနေ၊ ရငွေနှင့်သုံးငွေအချိုး၊ လိုငွေနှင့် ဂျီဒီပီအချိုး၊ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသား အသိအမှတ်ပြုကတ်ပြားရရှိရေး ဆောင်ရွက်ပေးမှု၊ မဲစာရင်းကောက်ယူရေး လုပ်ငန်းများဆောင်ရွက်မှု၊ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ နှစ်အလိုက် လယ်ယာကဏ္ဍ တိုးတက်မှုနှင့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများ ပြည့်မီအောင် အကောင်အထည်ဖော်နေမှု၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးလာရေး အားပေးဆောင်ရွက်နေမှု၊ နှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်အမျိုးအစားအလိုက် တန်ဖိုးမြင့်ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်နိုင်ရေး

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*
ပြင်ဆင်ဆောင်ရွက်နေမှု၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာ စာမေးပွဲများကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ နှစ်အလိုက် ပို့ကုန်/သွင်းကုန် အခြေအနေ၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိမှုနှင့် အားကစားကဏ္ဍမြင့်မားရေး အားပေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ပြောကြားရာတွင် နိုင်ငံတော်ဘဏ္ဍာငွေများကို အကျိုးရှိစွာဖြင့်အသုံးချရန်လိုကြောင်း၊ ပကာသနများနှင့် For Show များကို ဦးစားမပေးဘဲ ထိရောက်အကျိုးရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အခွန်အကောက်များအပြည့်အဝရရှိမှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် သက်ဆိုင်သည့်ဌာနများအနေဖြင့် စနစ်တကျ ပြည့်ဝစွာ ကောက်ခံရရှိအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် ထုတ်ပေးထားသည့် မော်တော်ယာဉ်များနှင့် စက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို စနစ်တကျဖြင့် ထိန်းသိမ်းသုံးစွဲကြရန်လိုကြောင်း၊ လိုအပ်ချက်အရ ဝန်ထမ်းများခန့်အပ်ရာတွင်လည်း အမှန်တကယ် လိုအပ်သည့် ဝန်ထမ်းအင်အားကိုသာ ခန့်အပ်ရန်လိုကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ဧကတိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင်သာ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းသည် အကျိုးအရှိဆုံးပင်ဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့နိုင်သည့် ဈေးကွက်သေချာသော သီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့ပြည်သူများ၏ ကြံ့ခိုင်မှုများပိုမိုကောင်းမွန်စေရေးအတွက် စားသောက်မှုပုံစံကိုလည်း ပြောင်းလဲရန်လိုပြီး ဆန်စားသုံးမှုနှင့်အတူ ဂျုံကိုပါတွဲဖက်စားသုံးသည့် အလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ဂျုံစိုက်ပျိုး၍ ရသည့် ဒေသများ၌လည်း ဂျုံစိုက်ပျိုးမှုများ တိုးတက်စေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း။

## ❂ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍လည်း နိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံနိုင်သည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အားပေးဆောင်ရွက်ပေး

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့် ပတ်သက်ပြီး စံနှုန်းသတ်မှတ်ချက်အရ ၁၀ နှစ်လျှင်တစ်ကြိမ်ကောက်ယူရန်မှာ အစိုးရတစ်ရပ်အနေဖြင့် တာဝန်ရှိကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုမှ ရရှိလာသည့်အချက်အလက်များအပေါ်မူတည်၍ နိုင်ငံတော်အတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို မှန်မှန်ကန်ကန် ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မဲစာရင်းများမှန်ကန်မှု ရှိရေးအတွက်ကိုသာမကပဲ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များရရှိရေးပင် ဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၊ လုံခြုံရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းသည် မိမိတို့အတွက် အရေးကြီးသည့် လုပ်ငန်းများပင် ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍လည်း နိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံနိုင်သည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေးဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေးလည်ပတ်မှုများ အားကောင်းလာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍လည်း ပြည်ပသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေခြင်းများရှိကြောင်း၊ ထိုသို့သွားရောက်ရခြင်းကြောင့် ပြည်ပသုံးစွဲငွေများ ရှိသကဲ့သို့ အခြားအခက်အခဲများလည်းရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ အားကစားကဏ္ဍ မြင့်မားရေးအတွက်လည်း အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ တာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့အပေါ် အခြေခံ၍ မိမိတို့တာဝန်ယူထားရသည့် နယ်ပယ်အလိုက် လုပ်ငန်းရပ်များ တိုးတက်အောင်မြင်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ယူထားသည့် နယ်ပယ်အကြောင်း၊ လက်အောက်ဝန်ထမ်းများ၏အကြောင်း၊ မြေပြင်အခြေအနေအကြောင်းကို ခြေခြေမြစ်မြစ်သိရှိထားရန်လိုကြောင်း၊ ထို့ကြောင့် ဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာနယ်ပယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများတိုးတက်မှု ရှိစေရေးအတွက် မဟာဗျူဟာစီမံချက်များ အကောင်အထည်ဖော်ချမှတ်ရာတွင် အထောက်အကူရရှိစေရေး နယ်ပယ်အလိုက် စဉ်ဆက်မပြတ် လေ့လာနေရမည်ဖြစ်ကြောင်း။

အချို့သောဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့သည် ပြည်ထောင်စုဖြစ်သည့်အတွက် ၎င်းတို့ဒေသများကိုလည်း ချန်လှပ်ထား၍ ရမည်မဟုတ်ဘဲ ၎င်းတို့ဒေသနှင့်ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ပို့ကုန်နှင့်ပတ်သက်၍ ကုန်သွယ်မှုတွင် သတ်မှတ်ထားသည့်အတိုင်း တင်ပို့နိုင်မည်ဆိုပါက ကုန်သွယ်မှုလိုငွေလျော့ကျလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက လုပ်ငန်းရပ်များအားလုံး အောင်မြင်နိုင်မည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်းနှင့် မိမိတို့တာဝန်ယူထားရသည့် ကဏ္ဍအလိုက် အင်ပြည့်အားပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၌ အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၁၀) ပင်လုံလမ်းရှိ သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ရှစ်ထပ်ကျောင်းဆောင် သီတဂူစက္ခုဒါန အဆင့်မြင့်ဆေးရုံကြီးတွင် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များအား စတုတ္ထအကြိမ်အဖြစ် အခမဲ့စမ်းသပ်ခွဲစိတ် ကုသပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေးနှင့် ဆရာတော်ကြီး၏ မိန့်ကြားချက်များ ဆောင်ရွက်ပေးနိုင်ရေး ယနေ့နံနက်ပိုင်းက ဆရာတော်ကြီး သီတင်းသုံးရာ သီတဂူဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင်သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရသီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးရာတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်ရေး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မျက်စိအထူးကု ဆရာဝန်ကြီးများက စက္ခုဒါနဆေးရုံတွင် တပ်ဆင်ထားသည့် ခေတ်မီစမ်းသပ်စစ်ဆေးသည့် စက်သစ်ကြီးများဖြင့် မျက်စိဝေဒနာ ခံစားနေရသော ပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ပြသသော လူနာများအား လိုအပ်သော စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးပြီး ခွဲစိတ်ရန်မလိုသော လူနာများကို ဆေးဝါးများ အခမဲ့ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှု၍ မျက်စိဝေဒနာရှင်များကို အားပေးစကား ပြောကြားသည်။

သီတဂူ စက္ခုဒါနဆေးရုံ (ရန်ကုန်)၌ အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များအား စတုတ္ထအကြိမ်အဖြစ် ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ စမ်းသပ်ကုသပေးမည်ဖြစ်ရာ စာရင်းပေးပြီး မျက်စိဝေဒနာရှင် ၁၆၀၀ ကို တစ်နေ့ ၃၅၀ နှုန်း သက်မှတ်၍ စမ်းသပ်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးက ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ဖေဖော်ဝါရီ ၂ ရက်က နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်ငွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းနှင့်အဖွဲ့ နေပြည်တော်မြို့မဈေးရှိ ဆိုင်ခန်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများ ဆောင်ရွက်ထားမှု ရှိ/မရှိ လိုက်လံစစ်ဆေးစဉ်။ ကျော်ရဲဆွေ(သတင်းစဉ်)



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်က ရပ်ကွက်ကြီး (၈) နဝရတ်လမ်းနှင့် ယုဇနလမ်းထောင့်ရှိ နေအိမ်များနှင့် ဆိုင်ခန်းများအား ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးဆွေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ လိုက်လံကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများက နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် နေပြည်တော်ဇုန်နှင့် မိတ္ထီလာဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂

**နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။**

**ကြည့်ရှုအားပေး**

အဆိုပါဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့်နည်းပြများ၊ အားကစားသမားများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် နေပြည်တော်ဇုန်နှင့် မိတ္ထီလာဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

**အနိုင်ရဗိုလ်စွဲ**

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကြပြီး ပထမပိုင်းပွဲကစားချိန် ၄၄ မိနစ်တွင် ရရှိသည့် ပယ်နယ်တီသွင်းဂိုးဖြင့် နေပြည်တော်ဇုန်အသင်းက ပွဲကစားချိန် ပထမပိုင်းကို ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ဒုတိယပိုင်းပွဲကစားချိန် ၆၂ မိနစ်တွင် မိတ္ထီလာဇုန်အသင်းက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၆၅ မိနစ်တွင် နေပြည်တော်ဇုန်အသင်းက အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သောကြောင့် ပွဲကစားချိန် ပြီးဆုံးချိန်တွင် နေပြည်တော်ဇုန်အသင်းက မိတ္ထီလာဇုန်အသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံး(ဂိုးသမား)ဆု၊ အကောင်းဆုံး(နောက်တန်း)ဆု၊ အကောင်းဆုံး(အလယ်တန်း) ဆု၊ အကောင်းဆုံး (ရှေ့တန်း) ဆု၊ ဂိုးသွင်းအများဆုံး အားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ပိုးရယ်အောင်သိန်း၊ ဒေါ်ဒွဲဘူ၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက တတိယဆုရရှိသည့် မကွေးဇုန်အသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဒုတိယဆုရရှိသည့် မိတ္ထီလာဇုန်အသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းအား တစ်ဦးချင်း

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဒုတိယဆုရရှိသည့် မိတ္ထီလာဇုန်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အကောင်းဆုံးဆုရရှိသူ တစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၆ မှ*
ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

**တံခွန်စိုက်ဆုဖလားချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းကို ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် နေပြည်တော်ဇုန်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အကောင်းဆုံးဆုရရှိသူ တစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် အကောင်းဆုံးဆုရရှိသူ တစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)(**ယာပုံ**)နှင့် တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ (ခုတင်-၃၀၀)၊ ကချင်ပြည်နယ် တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိတပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပွင့်ဖြူမြို့နယ်၌ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရန် မဲဇလီဆည်မှ စိုက်ပျိုးရေများ ဖြန့်ဝေပေးမည်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်တွင် ဒေသခံတောင်သူများ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလှောင်ဆည်မှ စိုက်ပျိုးရေများကို ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေပေးဝေမည့်အခြေအနေနှင့် စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဒေသခံတောင်သူများအားကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်က ပြောသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် နှစ်စဉ်ဖြန့်ဝေပေးလျက်ရှိပြီး ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် စိုက်ပျိုးရေဖြန့်ဝေပေးခြင်းကို ဒေသခံတောင်သူများ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အပြည့်အဝရရှိစေရန် ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ ဇွန် ၁၆ ရက်အထိ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလှောင်ဆည်ရေဖြင့် မြောက်မုန်းမြောင်းမကြီးဆည်ရေသောက်ဧရိယာတွင် နွေစပါး ၃၁၂၈၇ ဧကနှင့် နွေနှမ်း ၃၇၃၄၈ ဧက စုစုပေါင်း နွေသီးနှံ ၆၈၆၃၅ ဧက စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၏ နွေသီးနှံစိုက်ပျိုးမှုစာရင်းများအရ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ် / ခရိုင် / မြို့နယ် ပညာရေးမှူးများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြား

**မော်လမြိုင် ဖေဖော်ဝါရီ ၂**

**"တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"** ဟူသည့် လူမှုရေးဦးတည်ချက်နှင့်အညီ မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်/ ခရိုင်/ မြို့နယ် ပညာရေးမှူးများနှင့် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တွေ့ဆုံအမှာစကားပြောကြားသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်နှင့်ပတ်သက်ပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ ၁၂ နှစ်တာ ကာလအတွင်း မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ပဥ္စမ တစ်ကြိမ်၊ တတိယ နှစ်ကြိမ်၊ ဒုတိယ တစ်ကြိမ်နှင့် ပထမ ရှစ်ကြိမ် ရရှိခဲ့သည့်အတွက် ပညာရေးတွင် အစဉ်အလာကောင်းသော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ အခြေခံပညာ ကျောင်းစာမေးပွဲများအားလုံး အောင်မြင်စွာ ပြီးမြောက်စေရေးအတွက် အားလုံး အင်ပြည့်အားပြည့်ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။(ဝဲပုံ)

ထို့နောက် မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းတို့က ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ပြည်နယ်၊ ခရိုင် ပညာရေးမှူးများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပညာရေးကဏ္ဍတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြချက်များပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရေး ညှိနှိုင်းစည်းဝေး

**မုံရွာ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများအားလုံးအနေဖြင့် ဘတ်ဂျက်နှစ် တစ်နှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ တာဝန်ရှိသူများအားလုံးအနေဖြင့် လုပ်ငန်းများအပေါ် ကြပ်မတ်၊ စစ်ဆေး၊ တွန်းအားပေး ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများ၏ ဆောင်ရွက်ရန်ကာလသည် နှစ်လသာ ကျန်ရှိတော့သည့်အတွက် အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် အရည်အသွေးအဆင့်မီစွာ အမြန်ဆုံး ပြီးစီးရန် ဌာနဆိုင်ရာများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ကြပ်မတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။(ယာပုံ)



ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ သတ်မှတ်ကာလ ပြီးစီးရေးနှင့် ပတ်သက်၍ ဖြည့်စွက်အကြံပြု ဆွေးနွေး တင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၌ ဗလငါးတန်ဖွံ့ဖြိုးစေရေး လူငယ်စကားဝိုင်း ကျင်းပ

**ရေနံချောင်း ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ရေနံချောင်း) တို့ ပူးပေါင်းကာ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဝင်းစန္ဒာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ကြီးပွားရေး၊ လူငယ်နှင့်စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဌာနဆိုင်ရာညွန့်ပေါင်းဘောလုံးအသင်းနှင့် ပြည်နယ်လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၃ နာရီက ပြည်နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဌာနဆိုင်ရာညွန့်ပေါင်းဘောလုံးအသင်းနှင့်ပြည်နယ် လက်ရွေးစင်အမျိုးသမီးအသင်းတို့၏ ချစ်ကြည်ရေးပွဲစဉ်အဖြစ် ဘောလုံးယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြရာ ဌာနဆိုင်ရာ ညွန့်ပေါင်းအသင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးပညာပေး အစီအစဉ်တွင် ကျောင်းသား ကျောင်းသူ တစ်သိန်းခွဲကျော်အား အသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအနေဖြင့် "နိုင်ငံတော်အား မီးဘေးအန္တရာယ်မှ ကင်းဝေးစေအံ့" ဟူသော ဆောင်ပုဒ်နှင့်အညီ မီးလောင်၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ အရှိန်အဟုန်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ အခြေခံပညာကျောင်းပေါင်း ၁၀၇၉ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း ငါးကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၁၅၀၀၀၀ ကျော်အား ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး (Kaeru Caravan) အစီအစဉ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ခရိုင် ၃၂ ခရိုင်၊ မြို့နယ်ပေါင်း ၁၃၄ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၀၇၉ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ငါးကျောင်းတို့မှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၁၅၇၉၉၅ ဦးကိုလည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း ၁၁၃ ကျောင်းတို့မှ သံဃာတော် ၁၆၉၇ ပါး၊ ခရစ်ယာန်ကျောင်း သုံးကျောင်း၊ ဗလီကျောင်း လေးကျောင်းတို့မှ ဘာသာရေးအသင်းအဖွဲ့များ၊ ပြည်သူ့ဆေးရုံကြီး ၁၆ ခုမှ ဆရာဝန်၊ သူနာပြု ၁၃၈၉ ဦးနှင့် ပုဂ္ဂလိကဆေးရုံ ၁၂ ရုံတို့မှ လူဦးရေ ၁၁၄၇ ဦးကိုလည်းကောင်း၊ စက်ရုံ ၆၄ ရုံ၊ သိုလှောင်ရုံ ၁၃ လုံး၊ အလုပ်ရုံ ၅၁ ရုံ၊ စက်သုံးဆီဆိုင် ၅၇ ဆိုင်၊ တည်းခိုခန်း၊ ဟိုတယ် ၂၈ ခု၊ KTV လုပ်ငန်း ၁၉ ခုတို့မှ အလုပ်ရှင်၊ အလုပ်သမား ၁၅၀၀၀ ကျော်တို့အားလည်းကောင်း မီးဘေးလုံခြုံရေးဆိုင်ရာဟောပြောပို့ချခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်းတို့ကို သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၈၂၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၃၁ ဦးနှင့် မိတ်ဖက်အဖွဲ့အစည်းတို့ဖြင့် အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၁ ရက်တွင်လည်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတို့ ဦးဆောင်မှုဖြင့် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် (Kaeru Caravan) အဖြစ် လမ်းမတော်မြို့နယ် အမှတ်(၁) အထက်တန်းကျောင်း၌ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်တို့အား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**ညိမ်းသူ (သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day) အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

၂၀၂၄ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day)အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိုးယွန်းကြီးအင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော ပျဉ်ပုံကြီး၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ သစ်တောဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်၊ ပဲခူးတက္ကသိုလ်ပါမောက္ခ ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ ဆရာမများနှင့် ဆုရကျောင်းသား ကျောင်းသူများ၊ ကျေးရွာအဆင့် ဒေသခံကိုယ်စားလှယ်များ၊ ကုမ္ပဏီအသင်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။





ဦးစွာ ဒုတိယဝန်ကြီးက ၂၀၂၄ ခုနှစ် ကမ္ဘာ့ရေဝပ် ဒေသများနေ့၏ ဆောင်ပုဒ်မှာ Wetlands and Human Wellbeing (လူသားတို့ကျန်းမာပျော်ရွှင်ဖို့ ရေဝပ်ဒေသများထိန်းသိမ်းစို့)ဖြစ်ကြောင်း၊ ရေဝပ် ဒေသများ စဉ်ဆက်မပြတ်တည်ရှိနေမှသာ ရေဝပ် ဒေသများ၏ ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေဝပ်ဒေသအပေါ် မှီခိုနေကြသည့် ဒေသခံပြည်သူ များ၏ လူမှုစီးပွားအခြေအနေများ တိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာ့အဆင့်ရမ်ဆာ ရေဝပ်ဒေသအဖြစ် မိုးယွန်းကြီးအင်း၊ မိန်းမလှကျွန်း၊ မုတ္တမပင်လယ်ကွေ့၊ အင်းလေးကန်၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝ ခြောက်ခုကို သတ်မှတ်ခံထားရပြီးဖြစ် ကြောင်း၊ မိုးယွန်းကြီးအင်းသည် အရှေ့အာရှ-ဩစတြေးလျှငှက်ပျံသန်းရာလမ်းကြောင်း (East-Asian Australasian Flyway)နှင့် ဗဟိုအာရှဒေသငှက် ပျံသန်းရာလမ်းကြောင်း (Central Asian Flyway) တွင် ကျရောက်လျက်ရှိပြီး မျိုးသုဉ်းရန်အန္တရာယ်ရှိ သော မျိုးစိတ်များဖြစ်သည့် ကြိုးကြာ၊ လင်းယုန်၊ ဆောက်လိပ်များရှိခြင်း၊ ရေပျော်ငှက်အကောင်အရေ ၂၀၀၀၀နှင့်အထက် ကျက်စားလျက်ရှိကြောင်း၊ ဆောင်းခိုငှက်အကောင်အရေ ၂၀၀၀၀ မှ ၃၀၀၀၀ အထိ ကျရောက်ခဲ့ကြောင်း၊ လူသားများအတွက် မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ကပ်ဘေးကျရောက်မှုများ လျော့ပါးစေနိုင်ရန် ရေဝပ်ဒေသများအား ထိန်းသိမ်း ကာကွယ်ရာတွင် အားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။**(ဝဲပုံ)**

ထို့နောက် တာဝန်ရှိသူများက ကမ္ဘာ့ရေဝပ်ဒေသ များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိ သော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာသူများသည် ပြသ ထားသော ပိုစတာများ၊ ဓာတ်ပုံများနှင့် ဆုရရှိသည့် စာစီစာကုံးကိုကြည့်ရှုကာ မိုးယွန်းကြီးအင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့နယ်၌ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အခမ်းအနားကျင်းပ

**ဘိုကလေး ဖေဖော်ဝါရီ ၂**

ဘိုကလေးမြို့နယ် ကမ္ဘာ့ရေဝပ် ဒေသများနေ့(World Wetlands Day) အထိမ်းအမှတ်အခမ်းအနား ကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက ဖျာပုံခရိုင် ဘိုကလေး မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးအုန်းမြင့်က အမှာစကား ပြောကြားပြီး**(အောက်ပုံ)** တိုင်း ဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိန်က ကမ္ဘာ့ရေဝပ်ဒေသများနှင့် အခမ်း အနားကျင်းပရခြင်း အကြောင်း များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကမ္ဘာ့ရေဝပ်ဒေသ များနေ့ အခမ်းအနား ဗီဒီယိုပြသ ပြီး ဘိုကလေးမြို့နယ် မိန်းမလှ ကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့ တော အုပ်ချုပ်ရေးမှူး ဦးစိုင်းဝဏ္ဏ ကြည်က မြန်မာနိုင်ငံရှိ ရမ်ဆာ ရေဝပ်ဒေသများ ရေရှည်တည်တံ့ စေရန် ထိန်းသိမ်းကာကွယ်နေမှု များကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြပြီး အခမ်းအနား တက်ရောက်ကြသူများက မေးမြန်း ဆွေးနွေးသည်။



အခမ်းအနားသို့ ဧရာဝတီ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ ဧရာဝတီ တိုင်းဒေသကြီး သစ်တောဦးစီး ဌာန ညွှန်ကြားရေးမှူးနှင့် တာဝန် ရှိသူများ၊ ဖျာပုံခရိုင်နှင့်ဘိုကလေး မြို့နယ်တို့မှ စီမံအုပ်ချုပ်ရေးမှူး များ စုစုပေါင်း ၁၅၀ တက်ရောက် သည်။ **မြင့်အောင်**



# ကမ္ဘာ့ရေဝပ်ဒေသများနေ့အခမ်းအနား အင်းလေးကန်ဘေးမဲ့တော၌ကျင်းပ

**ညောင်ရွှေ ဖေဖော်ဝါရီ ၂**

ကမ္ဘာ့ရေဝပ်ဒေသများနေ့ အခမ်းအနားကို ညောင်ရွှေမြို့နယ် ရွှေရန်ပြေ ကျေးရွာရှိ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော လူထုပညာ ပေးပြခန်း၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေး မှူး ဦးသန်းဆင့်က အမှာစကားပြောကြားပြီး အင်းလေးကန် တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးတင်မြစိုးက ကမ္ဘာ့ရေဝပ်ဒေသ များနေ့ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ တွင် ဆုရကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်သည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပဉ္စမမြောက် ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခဲ့ ကြောင်း၊ အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး အမြင့် ပိုင်းရေချိုကန်တစ်ခုဖြစ်ပြီး ဘူမိရုပ်သွင်နှင့် ယဉ်ကျေးမှုအရ ထင်ရှား သည့် ရေဝပ်ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသရင်းမျိုးစိတ်များ၊ ရေပျော် ငှက်များ၊ ဆောင်းခိုငှက်များ၊ ကမ္ဘာ့အဆင့် ခြိမ်းခြောက်မှုခံနေရသည့် ငှက်၊ ငါးနှင့် အခြားနို့တိုက်သတ္တဝါမျိုးစိတ် အများအပြား နေထိုင် ကျက်စားရာဒေသများကို အင်းလေးကန်၏ ရေဝပ်ဒေသများ၊ ရေဝေ ရေလဲ သစ်တောများက ပံ့ပိုးပေးထားကြောင်း သိရသည်။ **မောင်မောင်**

# လူမှုဖူလုံရေး အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**တောင်ကြီး ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး မြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော တီကျစ်ကျောက်မီးသွေးသတ္တုတွင်း မှ အာမခံအလုပ်သမား ဦးသန့်ဇင်ဦး အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အား အကျိုးခံစားခွင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက တီကျစ်ကျောက်မီးသွေး သတ္တုတွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်တာဝန်ခံ ဒေါ်သန္တာဝင်းက အမှာစကားပြောကြားပြီး အာမခံ အလုပ်သမား ဦးသန့်ဇင်ဦး၏ ဇနီး ဖြစ်သူအား ကျန်ရစ်သူ အကျိုးခံစား ခွင့် ငွေကျပ် ၁၀၀၀၀၀၀၀ (ကျပ် သိန်းတစ်ရာတိတိ)ကို စက်ရုံတာဝန် ရှိသူများ၊ အာမခံအလုပ်သမားများ၏ ရှေ့မှောက်တွင် ပေးအပ်သည်။ တောင်ကြီးမြို့နယ် လူမှုဖူလုံရေး ရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင် ထားသည့် အလုပ်ဌာနစုစုပေါင်း ၇၈၇ ဌာနရှိပြီး အာမခံအလုပ်သမား ပေါင်း ၁၀၈၅၉ ဦးရှိကြောင်း သိရ သည်။ **မြန်မာ့အလင်း**



❑ *ကျောဖုံးမှ*

"ဒီနှစ် တိုင်းဒေသကြီးအတွင်း မှာ ဆောင်းနှမ်း ဧက ၅၅၇၉၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ ထိ ဧက ၅၄၁၉၀၀ ကျော်စိုက်ပျိုးပြီး ပါပြီ။ ဆက်လက်၍လည်း စိုက်ပျိုး လျက်ရှိပါတယ်။ အထွက်နှုန်း ကောင်းမွန်ဖို့ GAP နည်းစနစ်တွေ နဲ့ စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသ ကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

စစ်ကိုင်းတိုင်း ဒေသကြီး အတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသအပါအဝင် ခရိုင်အလိုက် ဆောင်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေ ဖြင့် နာဂဒေသတွင် ၂၅ ဧက၊ စစ်ကိုင်းခရိုင်တွင် ၉၆၆၈၉ ဧက၊ မုံရွာခရိုင်တွင် ၆၆၄၁၄ ဧက၊ ယင်းမာပင်ခရိုင်တွင် ၆၅၀၉၄ဧက၊ ရွှေဘိုခရိုင်တွင် ၉၆၆၆၆ ဧက၊ ကန့်ဘလူခရိုင်တွင် ဧက ၁၀၉၇၅၀၊ ကသာခရိုင်တွင် ၄၆၉၈၇ ဧက၊ ကောလင်းခရိုင်တွင် ၂၈၁၉၂ ဧက၊ ကလေးခရိုင်တွင် ၆၀၉၁ ဧက၊ တမူးခရိုင်တွင် ၂၄၂၂ ဧက၊ ဟုမ္မလင်းခရိုင်တွင် ဧက ၃၀ ၊ မော်လိုက်ခရိုင်တွင် ၁၄၇၃ ဧက နှင့် ရေဦးခရိုင်တွင် ၂၂၁၁၈ ဧက စုစုပေါင်း ၅၄၁၉၅၁ ဧက ဖြစ် ကြောင်း၊ လျာထားမှုအနေဖြင့် တိုင်းဒေသကြီးအတွင်း နာဂကိုယ် ပိုင် အုပ်ချုပ်ခွင့်ရဒေသများ အပါအဝင် ခရိုင် ၁၄ ခရိုင်တွင် စုစုပေါင်း ၅၅၇၉၃၅ ဧက ဖြစ် သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခင်နှစ် နှမ်းစိုက်တောင်သူများ ကို ဆောင်းနှမ်း တိုးချဲ့စိုက်ပျိုးနိုင် ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုး နိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် တိုင်း ဒေသကြီး/ ခရိုင် / မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိ ပညာပေးလုပ်ငန်းများ ဆောင် ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

ပြီးခဲ့သည့်ရာသီတွင် မြဝတီအသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် နည်းပြချုပ်သစ် အဖြစ် နာမည်ကြီးဘောလုံးသမားဟောင်း ဦးမျိုးလှိုင်ဝင်းကို ခန့်အပ် ထားသလို ပြည်တွင်းကစားသမားများအဖြစ် စအောင်ပြည့်ကို၊ ကောင်းမြတ်သူနှင့် သက်ဝေမိုးတို့ကို ခေါ်ယူထားပြီးဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-SUFC**

**တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား**

**ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား**

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ဝဿကာရတွေကြားက တို့ပြည်ထောင်စုနယ်မြေ

ဇာနည်ဘွား

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့နီးကပ်လာခဲ့ချေပြီ။ အသက် ၅၀ ကျော်အရွယ် မိမိတို့မျိုးဆက်များအဖို့ ပြည်ထောင်စုနေ့နှင့်ပတ်သက်လျှင် အမှတ်ရစရာများက အများသားလား။ ဦးစွာအောက်မေ့အမှတ်ရမိသည်က မီးအလှရောင်စုံများ ဖြာဝေစွာဆင်ယင်ထွန်းညှိပြီး တပျော်တပါးပါဝင်ဆင်နွှဲခဲ့ကြသည့် ကျိုက္ကဆံပြည်ထောင်စုပွဲတော်နှင့် ပြည်ထောင်စုအလံတော်ကို လက်ဆင့်ကမ်းသယ်ယူခဲ့ကြသည့် မြင်ကွင်းပုံရိပ်များပင် ဖြစ်ပါတော့သည်။

နှစ်သစ်၏ ဇန်နဝါရီလကုန်၍ ဖေဖော်ဝါရီလဆန်းပြီဆိုလျှင်ဖြင့် ရန်ကုန်မြို့တော်ခန်းမတွင် တစ်နှစ်တာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်သည် ပြည်နယ်နှင့် တိုင်းအသီးသီးသို့ စတင်လှည့်လည်ပါတော့သည်။ ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုနယ်မြေအသီးသီးမှ တိုင်းရင်းသားပြည်သူများ၊ လူထုလူတန်းစားအဖွဲ့အစည်းများက အလံတော်ညအိပ်ရပ်နားရာနေရာသို့ လက်ဆင့်ကမ်း သယ်ဆောင်ကြသည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့ (ပြည်ထောင်စုနေ့) မတိုင်မီ ရက်ပိုင်းအလိုတွင် ပြည်ထောင်စုအလံတော်သည် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အလံတော်ရပ်နားရာစင်မြင့်ထက်သို့ ပြန်လည်ရောက်ရှိလာပါသည်။

**ပြည်ထောင်စုနေ့အခမ်းအနား**
**စည်ကားသိုက်မြိုက်စွာကျင်းပ**

ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရာကျိုက္ကဆံကွင်းအတွင်း၌မူ ပြည်ထောင်စုပွဲတော်ကို ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်း၊ ဝန်ကြီးဌာနပြခန်းများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတပဒေသာကပွဲများ၊ ဇာတ်ပွဲများ၊ ပွဲဈေးတန်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

ပြည်နယ်နှင့် တိုင်း၊ ဝန်ကြီးဌာနပြခန်းများတွင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများ၊ ဒေသထွက်ကုန်များ၊ အထင်ကရဘုရားပုထိုးစေတီများ၊ လမ်းတံတား အဆောက်အအုံများ၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုံစံငယ်များနှင့်တကွ ခင်းကျင်းပြသထားသည်။ ကယားပြည်နယ် ပြခန်းအတွင်းရှိ လောပိတဓာတ်အားပေးစက်ရုံပုံစံငယ်နှင့် မကွေးတိုင်းအတွင်းရှိ ရေနံတွင်းတူးစင်ပုံစံငယ်များကို ယနေ့တိုင်အမှတ်ရနေဆဲပင်။

ထိုထိုသော ပြည်ထောင်စုနေ့နှင့် ဆက်စပ်သည့် မြင်ကွင်းပုံရိပ်များကြောင့်ပင် မိမိတို့မျိုးဆက်များခေတ်တွင် တိုင်းရင်းသားများနှင့် အနေဝေးသော်လည်း သွေးချင်းနီးခဲ့ကြသည်။ သွေးချင်းညီအစ်ကိုများအဖြစ် ရင်းနှီးချစ်ကြည်ချစ်ကျွမ်းဝင်ခဲ့ကြသည်။ ယုတ်စွအဆုံး တစ်ခေတ်တစ်ခါက ရန်ကုန်မြို့ အောင်ဆန်းကွင်း၌ ကျင်းပခဲ့သည့် ပြည်နယ်နှင့် တိုင်းဘောလုံးပြိုင်ပွဲများ၌ပင်လျှင် ရန်ကုန်မြို့ခံဘောလုံးပရိသတ်များသည် ပြည်နယ်အသင်းများကို အထူးအားပေးမြှောက်စားခဲ့ကြပါသည်။



၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှေ့ လွှတ်တော်ဝင်း တန်းစီကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပစဉ်။

၁၉၈၀ ကျော်လွန်နှစ်များအတွင်းက ပြည်နယ်အသင်းများခြေစွာသည်။ ရန်ကုန်၊ မန္တလေး၊ မကွေးစသည့်အသင်းကြီးများကို ခြေရည်တူကစားပြီးအခက်တွေ့အောင်လုပ်နိုင်သည့် ပြည်နယ်အသင်းတစ်သင်း၊ နှစ်သင်း နှစ်စဉ်ပေါ်ထွက်လေ့ရှိသည်။ နာမည်ကြီး တိုင်းအသင်းများကို အကြိတ်အနယ်ခံကစားသည့် ပြည်နယ်အသင်းများအား အောင်ဆန်းကွင်းတစ်ကွင်းလုံးက ပုံအောအားပေးလေ့ရှိကြသည်။

အိမ်ခံ ရန်ကုန်တိုင်းအသင်းသည်ပင်လျှင် ကရင်၊ ကယား၊ ကချင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်အသင်းများနှင့် ဆုံတွေ့ခဲ့ပါက အိမ်ခံအသင်းသည် ဧည့်သည်အသင်း၊ အိမ်ကွင်းသည်အဝေးကွင်းအဖြစ် ပြောင်းပြန်ဖြစ်သွားရလောက်အောင်ပင် ပြည်နယ်အသင်းများကို တစ်ခဲနက်အားပေးခဲ့ကြပါသည်။

**ပြည်ထောင်စုစိတ်ဓာတ်**
**ထာဝစဉ်တည်တံ့ခိုင်မြဲရေး**

ယခုပြန်တွေးကြည့်တော့ ပြည်ထောင်စုနေ့အခမ်းအနားများကို ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်ဖြင့် ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးတို့အတွက် ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များ၏ အမြော်အမြင်နှင့် ရည်ရွယ်ချက်များကို တွေ့မြင်နားလည်သဘောပေါက်လာမိသည်။

မျက်မှောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရခေတ်တွင်လည်း ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား အပါအဝင် ပြည်ထောင်စုနေ့အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရရှိရှိ နှစ်စဉ် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိသည်။

ယခု ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကိုလည်း အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့် ဒို့တာဝန်အရေး (၃)ပါး ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် အဓိကထားပြီး ရည်ရွယ်ကျင်းပသွားမည်ဟု သိရသည်။

ထို့အပြင် ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် MSME လုပ်ငန်းများနှင့် ပတ်သက်သည့် ပြခန်းများကိုလည်း ခင်းကျင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် One Region One Product အဓိကထုတ်ကုန်အပါအဝင် မိမိပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အခြားသော ထုတ်ကုန်အမျိုးမျိုးကို ပူးပေါင်းပါဝင် ခင်းကျင်းပြသခြင်းဖြင့် မိမိတို့ထုတ်ကုန်များအား အချင်းချင်းပညာရပ်ဆိုင်ရာ ဖလှယ်နိုင်ခြင်း၊ ပြည်သူများ အသိပညာတိုးလျက် ပြည်တွင်းဖြစ်ကို ပိုမိုအားပေးလာနိုင်ခြင်း၊ ထုတ်ကုန်များ၏ သဘောသဘာဝနှင့် ထပ်မံ၍ အနာဂတ်အတွက် ရည်ရွယ်ထားသောလုပ်ငန်းများအတွက် အကြံဉာဏ် အတွေးအခေါ်ကောင်းများ ရရှိစေခြင်း စသည့်ရည်ရွယ်ချက်များနှင့်အညီ MSME ပြခန်းများကို ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ဒို့တာဝန်အရေး (၃)ပါးကို မည်သည့်ခေတ်၊ မည်သည့်စနစ်ပင်ဖြစ်စေ နိုင်ငံသားတိုင်း ဦးထိပ်ထားရန်လိုအပ်ပေသည်။ ထို့အတူ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများဖြင့် စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားရေးသည် လွန်စွာအရေးကြီးလှပေသည်။

ယနေ့မျက်မှောက်ကာလတွင် ပြည်ပသြဇာခံများနှင့် ဒေသစွဲ၊ လူမျိုးစွဲ အစွန်းရောက်ဝါဒီများသည် ခေတ်အဆက်ဆက်နိုင်ငံ့ခေါင်းဆောင်များ အမြော်အမြင်ကြီးစွာချမှတ်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးလုပ်ငန်းစဉ်များကို ဝါဒဖြန့်ချိမှုဟူ၍ မျိုးဆက်သစ်လူငယ်များကို မမှန်မကန် ရိုက်သွင်းလျက်ရှိသည်။ ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အစဉ်အလာကြီးမားခဲ့သော သမိုင်းကြောင်းမှန်သမျှကိုလည်း မျိုးဆက်သစ်များအား အလေးမထားရန်၊ သမိုင်းကြောင်းအမှန် မသိစေရန် အကြံဆိုးဖြင့် လိမ်လည်လှည့်ဖြားလျက်ရှိသည်။

**မြန်မာ့သမိုင်းကြောင်းကို**
**အမှန်အကန် မသိသူအချို့က**
**လက်ခုပ်သြဘာပေး**

ဤသို့ဖြင့် မြန်မာ့သမိုင်းကြောင်းကို အမှန်အကန်မသိနားမလည်သူအချို့နှင့် နားယောင်သူအချို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို သောင်းကျန်းသူများက မဖွယ်မရာပြုမှုလုပ်ဆောင်လျှင်လည်း နာရကောင်းမှန်းမသိ၊ လက်ခုပ်သြဘာပေးကြသည်။ အမျိုးဘာသာသာသနာအပေါ်စော်ကားလျှင်လည်း တုံ့ဏှိဘာဝေမသိကျိုးကျွန်ပြုကြသည်။ ထို့အတူ ခေတ်အဆက်ဆက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး (၃)ပါးကို အသက်ပေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်ကို အာဏာရှင်ဟူ၍ လည်းကောင်း၊

*စာမျက်နှာ ၁၁ သို့*

**“ယခုပြန်တွေးကြည့်တော့ ပြည်ထောင်စုနေ့အခမ်းအနားများကို ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်ဖြင့် ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးတို့အတွက် ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များ၏ အမြော်အမြင်နှင့် ရည်ရွယ်ချက်များကို တွေ့မြင်နားလည်သဘောပေါက်လာမိ”**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ဒေသထွက်ထုတ်ကုန်နှင့် ရိုးရာအစားအစာဆိုင်ခန်းများ တည်ဆောက်နေမှုကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်းအတွင်း၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများနှင့် ပတ်သက်၍ One Region One Product ထုတ်ကုန်များ အပါအဝင် ပြည်ပကိုတင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်နှင့် ရိုးရာအစားအစာ ခင်းကျင်းပြသရောင်းချနိုင်ရေးအတွက် ဆိုင်ခန်းများ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း တင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လိုအပ်သည်များကို



တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဒေသထွက် MSMEထုတ်ကုန် နှင့် ရိုးရာအစားအစာ ခင်းကျင်းပြသ ရောင်းချနိုင်ရေးအတွက် ဆိုင်ခန်းများ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နေပြည်တော်၊ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ထွက်ရှိသည့် MSME ထုတ်ကုန်များခင်းကျင်းပြသရောင်းချပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းရောင်းချပွဲကို နေပြည်တော်၊ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ MSME တန်ဖိုးမြင့်ထုတ်ကုန်များ၊ ပြည်ပပို့ကုန်များ အပါအဝင် OROP ထုတ်ကုန်များနှင့် ဒေသထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ အရည်အသွေးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်ရရှိရေးအတွက် နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားလုပ်ငန်းရှင်များ တွေ့ဆုံ၍ သတင်းအချက်အလက်များ ဖလှယ်ရယူနိုင်ရေးနှင့် ညှိနှိုင်းပေါင်းစပ်နိုင်ရေး ဆောင်ရွက်ရန်၊ အမျိုးဂုဏ် ဇာတိဂုဏ် တိုးတက်မြင့်မားစေရေးကို အထောက်အကူဖြစ်စေပြီး သက်ဆိုင်ရာဒေသအလိုက် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်သည့် ဒေသထွက်ရိုးရာလက်မှုပညာပစ္စည်းများကိုလည်း ခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော ဒေသထွက် ရိုးရာအစားအစာများကို ပြည်ထောင်စု၏ အနှစ်သာရ ပြည့်စုံစွာဖြင့် တိုင်းရင်းသားပြည်သူလူထုသို့ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်အတွက် ရည်ရွယ်၍ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ခင်းကျင်းပြသရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က ဥတ္တရသီရိရပ်ကွက် New Campus ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမြတ်သီဟက အမှာစကားပြောကြားပြီး ဥတ္တရသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်က မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေး ဗီဒီယိုဖိုင်ကို ပြသခြင်းများ ဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့သည်။

ထို့နောက် သဘာဝဘေးအန္တရာယ် လျှော့ချရေး၊ တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေး အခမ်းအနားကို ကျင်းပရာ ရေလွှမ်းမိုးခြင်း၊ လျှင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မီးလောင်မှုဖြစ်ပွားခြင်း အစရှိသည့် ဘေးအန္တရာယ်ကျရောက်မှု ဖြစ်စဉ်များတွင် ကူညီကာကွယ် ကယ်ဆယ်နိုင်ရေးအတွက် အသိပညာပေးမှုများကို ကျောင်းသားကျောင်းသူများအား စိတ်ဝင်စားဖွယ် ကစားနည်း ခုနစ်မျိုးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့ပြသခဲ့သည်။



ဆက်လက်ပြီး ကျောင်းသား ကျောင်းသူများက မီးလောင်မှုကို မီးသတ်ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ်ခြင်း၊ ပိုလန်နိုင်ငံထုတ် အဆင့်မြင့်ခေတ်မီ မီးငြိမ်းသတ်ယာဉ်များဖြင့် အဆောက်အအုံ မီးငြိမ်းသတ်ခြင်းနှင့် လူနာကယ်ဆယ်ခြင်း၊ လျှင်ဖြစ်ပွားပါက ပြိုကျအဆောက်အအုံများတွင် ပိတ်မိနေမှုများအား ကယ်ဆယ်ပုံ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်မီးသတ်ဦးစီးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်အောင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ရဲထွန်းဝင်း၊ New Campus ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

## မြဝတီမြို့နယ်၌ ယာယီတိုက်ပွဲရှောင် ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်

**မြဝတီ ဖေဖော်ဝါရီ ၂**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ မဲကနယ်ကျေးရွာအုပ်စု မဲကနယ်တိုးချဲ့ကွက်သစ်အပြင် မဲကနယ် ဖလူးကျေးရွာအုပ်စုတို့တွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် မြို့ပေါ်ရပ်ကွက်စုရပ် ငါးခုဖြစ်သည့် ချမ်းမြေ့ကျောင်းတိုက်၊ စိန်ရောင်ခြည်ကျောင်းတိုက်၊ ဓမ္မရန်အောင်ကျောင်းတိုက်၊ အပြင်မဲကနယ် မင်္ဂလာဦးကျောင်းတိုက်နှင့် မင်းလက်ပံကျေးရွာကျောင်းတိုက်တို့၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ပေးအပ်ခြင်းကို ဇန်နဝါရီ ၃၁ ရက်က ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ထောင်စုတစ်စုချင်းအလိုက် ထောက်ပံ့ပေးအပ်သည်။

အဆိုပါဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ပေးအပ်ခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရပ်ကွက်တာဝန်ခံများမှတစ်ဆင့် အိမ်ထောင်စု ၂၄၃ စုမှ လူဦးရေ ၈၈၀ ဦးတို့အတွက် စုစုပေါင်းငွေကျပ် ၁၈၅၁၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



## ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

*စာမျက်နှာ ၁၀ မှ*

ဒေသစွဲ၊ လူမျိုးစွဲ၊ တစ်တောတစ်ကြက်ဖဝါဒကို ကိုင်စွဲ၍ သီးခြားနယ်မြေရယူရန် လက်နက်အားကိုးဖြင့် ဆူပူသောင်းကျန်းနေကြသူများကို ဖက်ဒရယ်ဒီမိုကရေစီအရေးလှုပ်ရှားသူ တော်လှန်ရေးအဖွဲ့အစည်းများဟူ၍ လည်းကောင်း ပြောင်းပြန်ထင်မှတ်လျက်ရှိကြသည်။

ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့ကလည်း ပထဝီနိုင်ငံရေးအရ အချက်အချာကျသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ပြိုကွဲစေရန် ဝသုကာရနည်းလမ်းဖြင့် အကောက်ကြံ၊ ခလောက်ဆန်လျက်ရှိကြသည်။ ဝသုကာရသည် အဇာတသတ်မင်း၏ အမတ်ကြီးတစ်ဦးဖြစ်သည်။

မြတ်စွာဘုရားရှင်လက်ထက်တော် ကာလတွင် ဝဇ္ဇီတိုင်းသည် မဂဓ၊ ကောသလတိုင်းနိုင်ငံကြီးများအနီးရှိ တိုင်းပြည်ငယ်လေးမျှသာ ဖြစ်သည်။ သို့သော်လည်း တိုင်းပြည်လေးကို နိုင်ငံကြီးများက ချိုးနှိမ်၍မရပါ။ တိုင်းပြည်၏ အချုပ်အခြာအာဏာကို စုပေါင်းပိုင်ဆိုင်လာခဲ့ကြသော လိစ္ဆဝီအမျိုးသားများက အညီအညွတ်လက်တွဲ၍ သူတို့နိုင်ငံကို ကာကွယ်ထားနိုင်ကြပေသည်။ ဝဇ္ဇီတို့သည် ဆင်၊ မြင်း၊ ရထားမှစ၍ စစ်ဆင်ရေးအတတ်မျိုးစုံကို ပိုင်ပိုင်နိုင်နိုင် တတ်မြောက်ထားကြသည်။ နိုင်ငံကြီးများလောက် စစ်အင်အားမများသော်လည်း သူတို့၏ တိုက်ရည်ခိုက်ရည်ကို နိုင်ငံကြီးများက အလေးမူကြရ၏။ အဆက်မပြတ်စစ်ရေးလေ့ကျင့်နေကြသဖြင့် သူတို့၏ အရည်အသွေးများက တရှိန်ရှိန်တက်လျက်ရှိ၏။ ဤသို့သော အရည်အချင်းများဖြင့် အဇာတသတ်၏ စစ်တပ်ကြီးများအပေါ် နှစ်ကြိမ်တိုင်တိုင် အသာစီးရယူနိုင်ခဲ့သည်။

ဤတစ်ကြိမ်တွင်မူ အဇာတသတ်မင်းသည် ဝသုကာရအမတ်ကြီး၏ **“ဝဇ္ဇီတို့ကို စစ်ရေးဖြင့် မချေမှုန်းသင့်ပါ။ ဖြားယောင်းသွေးဆောင်ခြင်းဖြင့်သော်လည်းကောင်း၊ သူတို့အချင်းချင်းသင်းခွဲပေးခြင်းဖြင့်သော်လည်းကောင်း သူတို့ကို ချေမှုန်းရပါတော့မည်”**ဟူသည့် အကြံပေးချက်အရ သွေးခွဲသပ်လျှိုခဲ့မှုကြောင့် အဆုံးတစ်နေ့ဝယ် တံတိုင်းသုံးဆင့်ဖြင့် ကြီးကျယ်ခမ်းနားခဲ့သော ဝဇ္ဇီတိုင်း၏ မြို့တော် ဝေသာလီသည် မရှုမလှပြိုကွဲပျက်စီးသွားခဲ့ရလေသည်။

တစ်ချိန်က အင်အားကြီး ဆိုဗီယက်ပြည်ထောင်စုနှင့် ယူဂိုဆလားဗီးယားပြည်ထောင်စုသမ္မတနိုင်ငံတို့သည်လည်း ပြိုင်ဘက်နိုင်ငံများ၏ သွေးခွဲသပ်လျှိုမှုကြောင့် ဝေသာလီပြည်သို့နှယ် ပြိုကွဲပျက်စီးသွားခဲ့ရခြင်းဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသားများအနေဖြင့် အတိတ်သမိုင်းသင်ခန်းစာအဖြစ်ရယူပြီး ခေတ်သစ်ဝသုကာရတို့၏ အန္တရာယ်ကိုအသိ၊ သတိတို့ဖြင့် မပြတ်ဆင်ခြင်သတိပြုမိကြစေရန် ၂၀၂၄ ခုနှစ် (၇၇)ကြိမ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများဆိုင်ရာ ဒီပလိုမာသင်တန်း အပိုင်း (၁) အမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**
မြန်မာနိုင်ငံ စာရင်းကောင်စီမှ ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဆင့်မြင့် စာရင်းကိုင်နှင့်စာရင်းစစ် သင်တန်းကျောင်း နေပြည်တော်တွင် ဖွင့်လှစ်သည့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်း စံများဆိုင်ရာ ဒီပလိုမာသင်တန်း (Diploma in International Financial Reporting Standards-Dip IFRS) အပိုင်း(၁) အမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယ စာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ စာရင်းကောင်စီမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက သင်တန်းသားများအနေဖြင့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများ၏ သဘောတရား၊ IFRSအသုံးပြုခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများ၊ ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲပြုစုခြင်းဆိုင်ရာ နည်းလမ်းများကို သိရှိနားလည် သဘောပေါက်ပြီး သင်ကြားပို့ချမှုများကို လက်တွေ့လိုက်နာ ကျင့်သုံးနိုင်သည်အထိ အလေးထားသင်ယူလေ့လာမှတ်သားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း နေပြည်တော် သင်တန်းကျောင်း တာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါ သင်တန်းတွင် IFRS စာရင်းစံ (၉)ခုကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် အခြားဝန်ကြီးဌာနများမှ သင်တန်းသား စုစုပေါင်း ၉၀ တက်ရောက်ကြောင်း၊ သင်တန်းကာလမှာ ဇန်နဝါရီ ၁၈ ရက်မှ ဧပြီ ၄ ရက်အထိ သုံးလကြာ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်းနှင့် သင်တန်းအောင်မြင်သူများ အနေဖြင့် Dip IFRS အပိုင်း (၂) သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပြီး အပိုင်း (၃) သင်တန်းအထိ အောင်မြင်ပြီးမြောက်သူများကို ဒီပလိုမာဘွဲ့ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၄) သင်တန်းဆင်း

**မန္တလေး ဖေဖော်ဝါရီ ၂**
နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၇၄) ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင်ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် အခြေခံပညာ ဆရာ ဆရာမများ၏ အရည်အသွေး မြင့်မားတိုးတက်ရန်၊ ကဏ္ဍအလိုက်၊ ရာထူးအဆင့်အလိုက် ပညာရေးလုပ်ငန်းများကို တည်တည်ငြိမ်ငြိမ် မှန်မှန်ကန်ကန်နှင့် စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်တတ်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်စေရန် လေ့ကျင့်သင်ကြားပေးခဲ့ခြင်း ဖြစ်ပါကြောင်း။ ဝန်ထမ်းများ၏ အရည်အသွေးနှင့် လုပ်ငန်းကျွမ်းကျင်မှု မြှင့်တင်ခြင်းဆိုင်ရာ ဘာသာရပ်များ ဆွေးနွေးပို့ချမှုအပေါ် သင်တန်းသားများက သင်တန်းစည်းကမ်းနှင့်အညီ လိုက်ပါ ဆောင်ရွက်ကြကြောင်း သိရှိရ၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်၍ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၀၂ ဦး၊ သင်တန်းသူ ၄၁၉ ဦး စုစုပေါင်း ၅၂၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်နှင့်တာဝန်ရှိသူများသည် တက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများမှ သင်တန်းသား သင်တန်းသူတို့၏ သင်ခန်းစာ ပို့ချနေမှု အခြေအနေများနှင့် တက္ကသိုလ်၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးကိစ္စများကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ပတွင် သင်တန်းများ တက်ရောက်ပြီးစီး၍ ပြန်လည်ရောက်ရှိလာသူများ၏ အတွေ့အကြုံရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**
နိုင်ငံ့ဝန်ထမ်းများ၏ သင်ယူလေ့လာနိုင်မှု စွမ်းရည်များနှင့် လုပ်ငန်းခွင် ပြန်လည်အသုံးချနိုင်မှုတို့ကို အကဲဖြတ်နိုင်ရန်နှင့် ယင်းတို့၏ အတွေ့အကြုံများ၊ နည်းပညာဗဟုသုတများ ပြန်လည်မျှဝေနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြည်ပသင်တန်း အတွေ့အကြုံ ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ပြည်ပတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် ပါရဂူဘွဲ့သင်တန်း မဟာဘွဲ့သင်တန်းနှင့် ကာလတိုသင်တန်းများသို့ တက်ရောက်လေ့လာခဲ့ကြသော တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများ၏ အတွေ့အကြုံ ရှင်းလင်းဆွေးနွေးခြင်းကို အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မိမိတို့ ပြည်ပ သင်တန်းအတွေ့ လေ့လာဆည်းပူးခဲ့သည့် ဘာသာရပ်များအလိုက် နည်းပညာများနှင့် မြန်မာနိုင်ငံတွင် လက်တွေ့အကျိုးရှိစွာ အသုံးချနိုင်ရန်၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် သင်ယူလေ့လာခဲ့ကြသည့် နည်းပညာများကို မိမိတို့နိုင်ငံ၊ မိမိတို့ ရေမြေနှင့် လိုက်လျောညီထွေစွာ ပြန်လည်တည်ဆောက် အသုံးပြုနိုင်ရန်နှင့် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်လာစေရန် နည်းပညာပေး လက်တွဲခေါ်ယူနိုင်ရေး ကြိုးပမ်းကြရန် လိုကြောင်းပြောကြားသည်။



ပြည်ပ သင်တန်းအတွေ့အကြုံ ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်တွင် ပါရဂူဘွဲ့သင်တန်း၊ မဟာဘွဲ့သင်တန်းနှင့် ကာလတိုသင်တန်းများသို့ သွားရောက်လေ့လာခဲ့ကြသည့် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများက သက်ဆိုင်ရာ သင်တန်းများ၏ အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာသိမှတ်ဖွယ်ရာများ၊ သင်ယူလေ့လာခဲ့မှုနှင့် လုပ်ငန်းခွင်တွင် လက်တွေ့အသုံးပြုနိုင်မည့် အလားအလာများကိုတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

ဘားအံမြို့ အမှတ်(၂)ရပ်ကွက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေသိုလှောင်ထားရှိမှု ၊ မီးချိတ်၊ မီးကတ်၊ သဲ၊ ရေပုံးများ၊ မီးသတ်ဆေးဘူးများ ထားရှိရေး၊ လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျ သုံးစွဲရေးကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင်ထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂ ရက်က တစ်အိမ်တက်ဆင်း စစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)





ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် တလိုင်းကွင်းကျေးရွာအုပ်စု ပန်းရုံစုကျေးရွာနှင့် ပေါက်တောကြီးကျေးရွာတို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုနိုင်ဦးဆောင်သော သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁ ရက်က ကွင်းဆင်းဆောင်ရွက်ပြီး ပြည်သူများအား အသိပညာပေးစဉ်။ မြို့နယ် (ပြန်/ဆက်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်အတွက် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရာဇာဖြိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂ ရက်က မီးငြိမ်းသတ်ရေးပစ္စည်းများ စနစ်တကျထားရှိမှု ရှိ မရှိ လိုက်လံစစ်ဆေးစဉ်။ ဇော်ဘီ



# အစ္စရေး၏ ဒုံးကျည်တိုက်ခိုက်မှုကို ဆီးရီးယားကြားဖြတ်တားဆီး



ဒမတ်စကတ် ဖေဖော်ဝါရီ ၂

**အစ္စရေးစစ်လေယာဉ်က ဆီးရီးယားနိုင်ငံတောင်ပိုင်း နေရာအများအပြားသို့ ဖေဖော်ဝါရီ ၂ ရက်အစောပိုင်းက လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်ခဲ့သောကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဆီးရီးယားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။**

ဆီးရီးယားလေကြောင်းရန် ကာကွယ်ရေးစနစ်များက ဒုံးကျည်အချို့ကို ကြားဖြတ်တိုက်ခိုက်ပြီး နောက်ထပ်ပျက်စီးမှုများကို တားဆီးနိုင်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကို သိမ်းပိုက်ခံထားရသည့် ဆီးရီးယားဂိုလန်ကုန်းမြင့်မှ တိုက်ခိုက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ဒမတ်စကတ်တောင်ပိုင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီး အဆိုပါတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

အစ္စရေးက ဆီးရီးယား၌ အီရန်ပိုင်ဆိုင်မှုများနှင့် စစ်စခန်းများကို ပစ်မှတ်ထားပြီး အရှိန်မြှင့်တိုက်ခိုက်ခြင်းကြောင့် အစ္စရေးနှင့် အီရန်အကြား တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေချိန်အတွင်း ယင်းတိုက်ခိုက်မှု ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ပင်လယ်ကူးအပျော်စီးသင်္ဘောပေါ်ရှိ လူပေါင်း ၁၄၀ နီးပါးမှာ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါခံစားနေရ

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂**



အမေရိကန်ပြည်ထောင်စု ပင်လယ်ကူး အပျော်စီးသင်္ဘောတစ်စင်းပေါ်ရှိလူပေါင်း ၁၃၉ ဦးမှာ အစာအိမ်နှင့် အူလမ်းကြောင်းဝေဒနာ ခံစားနေရသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောသည်။

ဗစ်တိုးရီးယားဘုရင်မ အမည်ရှိ အပျော်စီးသင်္ဘောသည် ဇန်နဝါရီ ၂၂ ရက်ကဖလော်ရီဒါမှ ထွက်ခွာလာခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်တွင် ဟာဝိုင်ယီသို့ ရောက်မည်ဖြစ်သည်။ အဆိုပါသင်္ဘောပေါ်တွင် ခရီးသည် ၁၈၂၄ ဦးလိုက်ပါလာပြီး ၎င်းတို့အနက် ၁၂၃ ဦးမှာ ခရီးစဉ်အတွင်း နေမကောင်းဖြစ်မှုကို ခံစားနေရကာ သင်္ဘောအမှုထမ်း ၉၆၇ ဦး အနက် ၁၆ ဦးမှာလည်း နေမကောင်းဖြစ်နေသည်ဟု သိရသည်။ ၎င်းတို့မှာ ဝမ်းလျှောခြင်းနှင့် အော့အန်ခြင်းတို့ ခံစားနေရသည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး စင်တာက ပြောသည်။

ဖျားနာမှု ဖြစ်ပွားရခြင်း အကြောင်းရင်းကိုမူ မသိရချေ။ ရောဂါဖြစ်ပွားမှုကို တုံ့ပြန်သည့် အနေဖြင့် သင်္ဘောပေါ်တွင် ရောဂါဖြစ်ပွားသူများကို သီးခြားခွဲထားခြင်း၊ ပိုးသတ်ခြင်းနှင့်သန့်ရှင်းရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်။ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ရေယာဉ်သန့်ရှင်းရေးအစီအစဉ်အရ သင်္ဘောပေါ်တွင် ရောဂါဖြစ်ပွားမှုနှင့် သန့်ရှင်းရေး လုပ်ငန်းစဉ်များကို အဝေးမှ စောင့်ကြည့်လျက်ရှိသည်ဟု အေဂျင်စီကပြောသည်။ **ဆင်ဟွာ**

# အီရတ်နိုင်ငံက ဇန်နဝါရီလအတွင်း ရေနံစိမ်းစည် ၁၀၃ သန်းကျော် တင်ပို့

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂**

အီရတ်နိုင်ငံသည် ဇန်နဝါရီလအတွင်း ရေနံစိမ်း စည်ပေါင်း ၁၀၃ ဒသမ ၅ သန်း တင်ပို့နိုင်သောကြောင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၈ ဒသမ ၀၂၅ ဘီလီယံရရှိကြောင်း နိုင်ငံ၏ ရေနံဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ကြေညာထားသည်။



ဇန်နဝါရီလအတွင်း အီရတ်ရေနံစိမ်း၏ ပျမ်းမျှဈေးနှုန်းမှာ တစ်စည်လျှင် ဒေါ်လာ ၇၇ ဒသမ ၅၃ ဒေါ်လာရှိကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ဘတ်စ်ယာဆိပ်ကမ်းမှတစ်ဆင့် အီရတ်နိုင်ငံအလယ်ပိုင်းနှင့်တောင်ပိုင်း ရေနံမြေများမှ ရေနံစည် ၁၀၂ သန်းခန့် တင်ပို့နိုင်ပြီး နင်နီဗေးပြည်နယ် မြောက်ပိုင်း ကေယာရာရေနံမြေမှ ရေနံစည်တစ်သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ဆက်လက်၍ တစ်လအတွင်း အိမ်နီးချင်းဂျော်ဒန်သို့ ရေနံစည် ၄၆၄၃၀၆ စည် ပေးပို့နိုင်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။

အီရတ်နိုင်ငံ၏ စီးပွားရေးမှာ ရေနံစိမ်းတင်ပို့မှုအပေါ် အပြည့်အဝမှီခိုနေရပြီး ရေနံစိမ်းတင်ပို့မှုမှ နိုင်ငံဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဇန်နဝါရီလအတွင်း သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၀၀၀၀ ကျော်ရှိ

**ကိုလံဘို ဖေဖော်ဝါရီ ၂**

သီရိလင်္ကာနိုင်ငံ၌ ဇန်နဝါရီလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၀၀၀၀ ကျော်နှင့် သေဆုံးသူ လေးဦးရှိကြောင်း အမျိုးသားသွေးလွန်တုပ်ကွေးထိန်းချုပ်မှုဌာန (အင်န်ဒီစီယူ)က ဖေဖော်ဝါရီ ၂ ရက်တွင် ထုတ်ပြန်ထားသည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ဖေဖော်ဝါရီ ၂ ရက်တွင် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ ၁၀၆၃၅ ဦးရှိပြီး ၎င်းတို့အထဲမှ ၁၀၄၁၇ ဦးမှာ ဇန်နဝါရီလအတွင်း ကူးစက်သူများဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ အနောက်ပိုင်းခရိုင်တွင် ရောဂါဖြစ်ပွားသူ ၃၄၈၉ ဦးဖြင့် ကူးစက်မှုအရေအတွက် အများဆုံးဖြစ်ပြီး မြောက်ပိုင်းခရိုင်တွင် ရောဂါဖြစ်ပွားသူ ၂၇၃၄ ဦးရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၈၈၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၅၇ ဦး ရှိကြောင်း အမျိုးသား သွေးလွန်တုပ်ကွေးထိန်းချုပ်မှုဌာနက ပြောကြားသည်။ **ဆင်ဟွာ**

## ဓားစာခံများပြန်လွှတ်ပေးရေးအတွက် ရက်ပေါင်း ၄၀ အပစ်အခတ်ရပ်စဲရေး အစ္စရေးအဆိုပြု

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂**

ဖမ်းဆီးခံထားရသည့် ဓားစာခံများ ပြန်လည်လွတ်မြောက်လာရေးအတွက် အပြန်အလှန်အားဖြင့် ရက်ပေါင်း ၄၀ အပစ်အခတ်ရပ်စဲရန် အစ္စရေးက ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါကမ်းလှမ်းမှုကို ဟားမားစ်တို့ဘက်မှ သေချာစဉ်းစားနေပြီး ပြန်လည်အကြောင်းပြန်ခြင်း မရှိသေးကြောင်း သိရသည်။ အပစ်အခတ်ရပ်စဲရေး ပထမအဆင့်တွင် ဟားမားစ်တို့ဘက်မှ ဖမ်းဆီးထားသည့် အရပ်သားများကိုပြန်လွှတ်ပေးရမည်ဖြစ်ပြီး ထိုအချိန်တွင် အပစ်အခတ်ရပ်နားထားမည်ဖြစ်သည်။ နောက်တစ်ဆင့်တွင်မူ ဖမ်းဆီးခံထားရသည့် အစ္စရေးတပ်ဖွဲ့ဝင်များ ပြန်လွှတ်ပေးရေးနှင့် သေဆုံးသွားသည့် ဓားစာခံများ၏ အလောင်းပြန်ပေးရေးတို့ပါဝင်မည်ဟု စေ့စပ်ညှိနှိုင်းမှုနှင့်နီးစပ်သည့် ပါလက်စတိုင်းအရာရှိ၏ ပြောကြားချက်အရ သိရသည်။

ဓားစာခံများပြန်လွှတ်ပေးပြီးနောက် တိုက်ပွဲများ ပြန်လည်မစတင်ပါဟူသော အာမခံချက်မျိုးကို ဟားမားစ်တို့ဘက်မှ တောင်းဆိုဖွယ်ရှိသည်ဟု ခန့်မှန်းထားကြသည်။ စေ့စပ်ညှိနှိုင်းမှုများမှာ ဆွေးနွေးဆဲအဆင့်သာရှိသေးကြောင်း အမေရိကန်သတင်းစာကြီးတစ်စောင်တွင် ဖော်ပြထားသည်။ အပစ်အခတ်ရပ်စဲရေးအတွက် ကမ်းလှမ်းမှုကို လေ့လာနေဆဲ ဖြစ်သည်ဟု ဟားမားစ်အဆင့်မြင့်အရာရှိကြီးတစ်ဦးက ဖေဖော်ဝါရီ ၁ ရက်က ပြောသည်။

အစ္စရေးတပ်ဖွဲ့သည် ဂါဇာဒေသ၌ တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်တွင် သေဆုံးသူ ၂၇၀၀၀ ကျော်ရှိပြီဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ကိုဗစ် - ၁၉ ကူးစက်မှုများ ပြန်လည်များပြားလာသည့်အပေါ် သတိထားကြရန် တိုကျိုဆေးရုံသတိပေး

**တိုကျို ဖေဖော်ဝါရီ ၂**

တိုကျိုမြို့ရှိဆေးရုံတစ်ရုံတွင် လူနာခုတင်ထက်ဝက်ခန့်မှာ ကိုဗစ် -၁၉ လူနာများနှင့် ပြည့်နှက်နေသည့်အတွက် ကိုဗစ် – ၁၉ ကူးစက်မှုဦးရေမြင့်မားလာသည့်အပေါ် သတိထားကြရန် အဆိုပါဆေးရုံက သတိပေးထားသည်။

လူနာခုတင် ရှစ်လုံးတွင်ငါးလုံးမှာ ပြင်းထန်သည့် အဖျားဝေဒနာခံစားရသောလူနာနှင့် ကိုယ်ဝန်ဆောင်သည်အတွက်ဖြစ်ပြီး လူနာခုတင် ၁၉ လုံးတွင် ကိုးလုံးမှာ အပျော့စား ကိုဗစ် -၁၉ လူနာဖြင့် ပြည့်နေသည်ဟု နီဟွန်းတက္ကသိုလ်ဆေးရုံက ပြောသည်။ လူနာအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြသည်ဟု ဆေးရုံဝန်ထမ်းက ပြောသည်။ ကာကွယ်ဆေးအကြိမ်အရေအတွက်အနည်းငယ်သာ ထိုးထားသည့် လူငယ်များသို့မဟုတ် နောက်ဆုံးအကြိမ် ကာကွယ်ဆေးထိုးထားသည်မှာ အချိန်ကြာမြင့်နေပြီဖြစ်သော လူငယ်များတွင်လည်း ကူးစက်မှုရှိသည်ဟု ဆေးရုံဝန်ထမ်းကပြောသည်။

ကူးစက်မှုများ နောက်ထပ်ပျံ့နှံ့လာပါက ကိုဗစ် -၁၉ လူနာဌာနကို ၃၅ ခုတင်အထိ တိုးချဲ့သွားရန် ဆေးရုံက ပြင်ဆင်လျက်ရှိသည်။ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးကြရန်နှင့် အခြေခံကာကွယ်မှုနည်းလမ်းများဖြစ်သည့် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လက်ဆေးခြင်းတို့ကို ပြုလုပ်ကြရန်လည်း ဆေးရုံမှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ တာကာယာမာ တာဒါတိုရှု က ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဝန်ဆောင်မှုကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ ဆက်စပ်ဌာနများမှ အရာထမ်းများအတွက် ဘာသာရပ်ဆိုင်ရာအခြေခံသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဝန်ဆောင်မှုကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ ဆက်စပ်ဌာနများမှ အရာထမ်းများအတွက် ဘာသာရပ်ဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မည့် အလားအလာများလည်းရှိကြောင်း၊ သက်ဆိုင်ရာဝန်ဆောင်မှုကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအများအပြား ဖိတ်ခေါ်နိုင်ရေး၊ မိမိတို့ဝန်ကြီးဌာနများက ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ခေတ်စနစ်နှင့်အညီ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်းနိုင်ငံများ၏ အောင်မြင်မှုဥပမာများကို လေ့လာ၍ မိမိနိုင်ငံနှင့် ဝန်ကြီးဌာနအတွက် အကြံပြုချက်များ ပံ့ပိုးပေးနိုင်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူဖြစ်စေရေးအတွက် လက်တွေ့အသုံးချသွားကြရန် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**





မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည့် မြန်မာနိုင်ငံသားများနှင့် တာဝန်ရှိသူများကိုတွေ့ရစဉ်။

***❖ကျောဖုံးမှ***

ဆိုင်ရာ လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာကြသည်။

ထိုသို့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည့် မြန်မာနိုင်ငံသားများကို နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရခိုင်အမျိုးသားကွန်ရက်အဖွဲ့တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိလာသော အီရတ်နိုင်ငံရောက် မြန်မာနိုင်ငံသားများမှာ မဟန်နီထွန်း၊ မမြတ်အေးစံ(ခ)ဝေဝေ၊ မသန်းနွယ်ဌေးတို့ သုံးဦးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် The Golden Octopus Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Honda ENS1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dayun Yuehu S1 (VIP Edition) အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Earth Renewable Energy Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD D1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Yaung Ni Oo Automobile Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DFSK Seres-5 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ် များနှင့် Dongfeng Motor Corporation Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်အစိုးရက ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲကြုံတွေ့နေရသော မြန်မာနိုင်ငံသားတို့၏ ဝမ်းသာပီတိ ရင်တွင်းစကားသံများ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်အနေဖြင့် ပြည်ပတွင်ရောက်ရှိနေကြသည့် အမိနိုင်ငံသားများ အခက်အခဲများကြုံတွေ့နေရပါက မည်သို့သော အခြေအနေသို့ ရောက်ရှိနေသည့်တိုင် မိမိတို့ နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားပြီး ကယ်တင်ခြင်း၊ ပြန်လည်ခေါ်ဆောင်ခြင်းတို့ကို မြန်မာသံရုံးနှင့် သက်ဆိုင်ရာနိုင်ငံသံရုံးများ ချိတ်ဆက်၍ မြန်မာနိုင်ငံသို့ မိမိတို့နိုင်ငံသားများ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အစ္စရေးနှင့်ဟားမားစ်တို့ ပဋိပက္ခအတွင်း ပိတ်မိခဲ့ကြသည့် မြန်မာနိုင်ငံသားများကို အချိန်မီ ကယ်တင်နိုင်ခဲ့သည့်နည်းတူ အီရတ်နိုင်ငံ အကျပ်အတည်းများအတွင်း ပိတ်မိနေကြသော မြန်မာနိုင်ငံသားများကိုလည်း နိုင်ငံတော်၏စေတနာဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဘဂ္ဂဒက်-ဒူဘိုင်း-ဗန်ကောက်-ရန်ကုန်ခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြရာ တာဝန်ရှိသူနှင့် ပြန်လည်ရောက်ရှိလာကြသူတို့၏ ဝမ်းသာပီတိ ရင်တွင်းစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်-

**ဒေါ်ဝေဝေလတ်(ပြန်လည်ထူထောင်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး)**

ကျွန်မတို့ ပြန်လည်ထူထောင်ရေး ဦးစီးဌာနအနေနဲ့ လုပ်ငန်းငါးရပ်ကို ဆောင်ရွက်နေပြီး အခုလို အီရတ်နိုင်ငံက ပြန်လာတဲ့ နိုင်ငံသားသုံးဦးဟာလည်း ကျွန်မတို့ရဲ့နိုင်ငံသားတွေဖြစ်တဲ့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေနဲ့ လာရောက်ကြိုဆိုတာဖြစ်ပါတယ်။

**မဟန်နီထွန်း (စစ်တွေမြို့)**

ကျွန်မက စစ်တွေမြို့ကပါ။ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မှာ အလုပ်လုပ်ဖို့သွားရောက်ခဲ့တာပါ။ ဟိုမှာ အခက်အခဲမျိုးစုံရင်ဆိုင်နေရတဲ့အတွက် အမိနိုင်ငံကို အလွန်ပြန်ချင်ပါတယ်။ ပြန်ဖို့လည်း အခက်အခဲတွေ ရှိနေချိန်မှာ မြန်မာနိုင်ငံသံရုံးနဲ့ မြန်မာနိုင်ငံက တာဝန်ရှိသူတွေက ခရီးစရိတ် အကုန်အကျခံပြီး ပြန်လည်ခေါ်ဆောင်ပေးမှုကို အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ အခုလို ကျွန်မတို့ ပြည်ပနိုင်ငံမှာ အခက်အခဲကြုံတွေ့နေရချိန် ပြန်လည်ခေါ်ဆောင်ပေးတာကို ဖော်မပြတတ်အောင် ကျေးဇူးအထူးတင်ပါတယ်လို့ ပြောကြားရင်း လက်ဆယ်ဖြာမိုးပြီး ကန်တော့ပါတယ်။ နိုင်ငံတော်က လူကြီးတွေရဲ့ ကျေးဇူးကြောင့်သာ ပြန်လည်ရောက်ရှိနိုင်ခဲ့တာပါ။ ရင်ထဲက လှိုက်လှိုက်လှဲလှဲကို ကျေးဇူးအထူးတင်ပါတယ်။

**မမြတ်အေးစံ(ပုဏ္ဏားကျွန်းမြို့)**

ရန်ကုန်လေဆိပ်ကို လေယာဉ်ဆင်းလာချိန်မှာ ကျွန်မရင်ထဲဝမ်းနည်းဝမ်းသာ ခံစားရပြီး မျက်ရည်လည်း ဝဲရပါတယ်။ မြန်မာနိုင်ငံနဲ့ မိမိဒေသကို ပြန်ရောက်လိမ့်မယ်လို့ မထင်ထားပါဘူး။ မိဘဆွေမျိုးတွေနဲ့ ပြန်တွေ့ရလိမ့်မယ်လို့လည်း မထင်ထားပါဘူး။ အီရတ်နိုင်ငံမှာ အလွန်ဒုက္ခရောက်ပါတယ်။ ရင်ထဲနက်နက်ရှိုင်းရှိုင်း ပြောချင်တာတစ်ခုက မြန်မာနိုင်ငံက လူကြီးတွေအားလုံး၊ သံရုံးက ဆရာဆရာမတွေနဲ့ ကျွန်မတို့ကို လာရောက်ကြိုဆိုကြတဲ့ ဆရာ ဆရာမတွေအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

**သန်းနွယ်ဌေး(မြောက်ဦးမြို့)**

ကျွန်မက ဒူဘိုင်းမှာ အလုပ်လုပ်တာပါ။ ဒူဘိုင်းကနေ အီရတ်မှာပြောင်းပြီး အလုပ်လုပ်ပါတယ်။ အီရတ်နိုင်ငံမှာ အခက်အခဲတွေကြုံရပြီး မြန်မာနိုင်ငံလို စိတ်ထားမျိုး မရှိတဲ့အတွက် ပိုပြီးခံစားရပါတယ်။ အခုလို နိုင်ငံတော်စရိတ်နဲ့ ပြန်လည်ခေါ်ဆောင်ပေးလို့သာ ကျွန်မတို့ပြန်ရောက်ခဲ့တာပါ။ နိုင်ငံတော်က လူကြီးတွေ၊ မြန်မာသံရုံးက ဝန်ထမ်းတွေနဲ့ ကျွန်မတို့ကို ကူညီဆောင်ရွက်ပေးသူအားလုံးကို ဒီနေရာကနေ ကန်တော့ပါတယ်။ ကျေးဇူးလည်း အတိုင်းမသိ တင်ပါတယ်။

**ညိမ်းသူ(သတင်းစဉ်)၊ဓာတ်ပုံ - ကနူး**



မဟန်နီထွန်း



မမြတ်အေးစံ



သန်းနွယ်ဌေး

## မြန်မာနှင့် ကမ္ဘာ့ပထမဆုံးအကြိမ် CROSS (အသွင်မတူသော/ပညာချင်းမတူသော) တိုက်ခိုက်ရေးအားကစားပြိုင်ပွဲများနှင့် DUO ( တိုက်ခိုက်ရေးအားကစားအစုံ)ကျင်းပရန်စီစဉ်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

MBT Fight Force Promotions (Myanmar) နှင့် ဩစတြေးလျနိုင်ငံမှ Max Win Australia (ကမ္ဘာ့တိုက်ခိုက်ရေးအားကစားများ မြှင့်တင်ရေးအတွက် ပြိုင်ပွဲများ စွန့်ဦးတီထွင်စီစဉ်ကျင်းပရေးအဖွဲ့)တို့ ပူးပေါင်း၍ မြန်မာနှင့် ကမ္ဘာ့ပထမဆုံးအကြိမ် CROSS (အသွင်မတူသော/ပညာချင်းမတူသော)တိုက်ခိုက်ရေးအားကစားပြိုင်ပွဲများနှင့် DUO (တိုက်ခိုက်ရေးအားကစားအစုံ)က တစ်ဖက်လျှင် နှစ်ဦးပါဝင်သော ပြိုင်ပွဲများကို (၂၀၂၄) ခုနှစ်အတွင်း မက်စ်ဝင်းမြန်မာကုမ္ပဏီလီမိတက်မှသက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှကျင်းပခွင့်ရပါက ထူးထူးခြားခြားစွန့်ဦးစီစဉ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါယှဉ်ပြိုင်တွဲဖြစ်သောမြန်မာ့ရိုးရာလက်ဝှေ့နှင့် တိုက်ကွမ်ဒို၊ မြန်မာ့ရိုးရာသိုင်းနှင့် ကရာတေး၊ မြန်မာ့ရိုးရာလက်ပမ်းနှင့် မွေ့ဘိုရန်၊ ကွန်ဖူးနှင့် ကစ်ဘောက်ဆင်၊ MMA နှင့် မြန်မာ့ရိုးရာလက်ဝှေ့၊ Free Style နှင့် ဗလာလက်သီး Bare Knuckle တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကမ္ဘာနှင့် မြန်မာ့ပထမဆုံးဖြစ်သော မြန်မာ့ရိုးရာလက်ဝှေ့နှင့် မြန်မာ့ရိုးရာသိုင်း၊ ကရာတေးနှင့် တိုက်ကွမ်ဒို၊ မွေ့ထိုင်းနှင့် မွေ့ဘိုရန် ခွန်ခမာ(ကမ္ဘောဒီးယား)နှင့် ဗိုဗီနမ်(ဗီယက်နမ်)၊ BJJ (ဘရာဇီး) ဂျူဂျစ်စုနှင့် MMA ၊ မြန်မာ့ရိုးရာလက်ဝှေ့နှင့် တိုက်ကွမ်ဒို ပညာရပ်များ ယှဉ်ပြိုင်မည့် DUO အဖွဲ့အစည်းကြီး၏ ပြိုင်ပွဲများတွင် တစ်ဖက်လျှင် တိုက်ခိုက်ရေးအားကစားသမား နှစ်ဦးပါဝင်ပြီး ကြိုးဝိုင်းအတွင်း တစ်ဖက်မှ တစ်ယောက်တစ်ကြိမ်လျှင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ကြေးစားအနောက်တိုင်းလက်ဝှေ့ (Professional Boxing)(မြန်မာနိုင်ငံတွင် MBT Fight Force Promotions မှ စွန့်ဦးပြန်လည်ဖော်ထုတ်မည်)ကြေးစားအဆင့် လူရွေးပွဲများကိုယခုနှစ်တွင်မြန်မာပြည်တစ်ဝန်းမှကြေးစားထိုးသတ်လိုသူများအတွက်စီစဉ်၍ ပြည်ပမှ ကြေးစားအနောက်တိုင်း လက်ဝှေ့အားကစားသမားများဖြင့် ယှဉ်ပြိုင်စေ၍ ကြေးစားအဆင့် Ranking များ သတ်မှတ်ပေးမည်ဖြစ်သည်။ ကမ္ဘာ့အထင်ကရ ကြေးစားအနောက်တိုင်းလက်ဝှေ့အဖွဲ့အစည်းကြီးများဖြစ်သော WBA, WBC တို့တွင် ကမ္ဘာ့ချန်ပီယံများဖြစ်လာစေရန်နှင့် နိုင်ငံနှင့်လူမျိုးဂုဏ်ဆောင်သူများဖြစ်လာစေရန်၊ နိုင်ငံတော်သို့ ၎င်းတို့ ထိုးသတ်ကြေးရရှိသည့် ဆုကြေးများမှဝင်ငွေခွန်ရရှိစေရန်လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ယခုနှစ်တွင်ကျင်းပမည့် အားကစားများတွင်DUO (တိုက်ခိုက်ရေးအားကစားသမားတစ်ဖက်နှစ်ဦးပါဝင်သော အသွင်တူ / အသွင်မတူသော) တိုက်ခိုက်ရေးအားကစားပြိုင်ပွဲများ၊ CROSS (အသွင်မတူသော / ပညာချင်းမတူသော) တိုက်ခိုက်ရေးအားကစား ပြိုင်ပွဲများ၊ မြန်မာ့ရိုးရာလက်ဝှေ့နှင့် မြန်မာ့ရိုးရာလက်ပမ်းလက်ဝှေ့ကြေးစားပြိုင်ပွဲများ၊ မြန်မာ့ရိုးရာထုပ်ဆီးတိုးအားကစားနှင့် ပိုက်ကျော်ခြင်း အားကစားများကို ကြေးစားအဆင့်ပြိုင်ပွဲများ၊ DUO တိုက်ခိုက်ရေးအားကစားပြိုင်ပွဲများ ပြည်တွင်းနှင့် နိုင်ငံတကာတွင် ကျင်းပသွားမှာ ဖြစ်ပါတယ်။ ယင်းပြိုင်ပွဲများကို မည်သည့်ပုံစံဖြင့်ဖြစ်စေ အတုခိုးလိုက်လုပ်ပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများဖြင့် အရေးယူတရားစွဲသွားမည်" ဟု မက်စ်ဝင်းမြန်မာကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ဦးတင်ဦး(မောင်တင်ဦး /ခွန်မာတင်) က ပြောသည်။

Max Win Australia နှင့် Max Win Myanmar ကုမ္ပဏီသည် ၂၀၁၁ ခုနှစ် ဇွန် ၉ ရက်နှင့် ၁၀ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားရုံ(၁) (မိုးလုံလေလုံ)၌ နိုင်ငံတော်အဆင့် "နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် မြန်မာ – ဩစတြေးလျ အနောက်တိုင်းလက်ဝှေ့ လက်ရည်စမ်းပြိုင်ပွဲ" ကြီးကို Austmar International (Australia) နှင့် R.A.F Co., Ltd တို့ကို ကိုယ်စားပြု၍ အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။ **အာကာစိုး**

## တပ်ကုန်းမြို့၌ ရဟန်း၊ သံဃာတော်များ အသည်းရောင် အသားဝါရောဂါ ဘီပိုးကာကွယ်ဆေး ထိုးနှံပေး

**တပ်ကုန်း ဖေဖော်ဝါရီ ၂**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ၏ ခရီးစဉ်ညွှန်ကြားချက်အရ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျန်ရှိနေသည့် ရဟန်း၊ သံဃာတော်များအား အသည်းရောင်၊ အသားဝါရောဂါ ဘီပိုးကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ညောင်လွန့် ကျေးလက်ကျန်းမာရေးဌာန၌ အခမဲ့ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးစုရပ်တွင် တပ်ကုန်းမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင် ကြီးကြပ်၍ သံဃာတော် ၅၆ ပါး၊ သာမဏေ ရှစ်ပါး စုစုပေါင်း ၆၄ ပါးအား ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်းသိရသည်။ **တင်စိုးလွင် (ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကျင်းပ

**ပေါင် ဖေဖော်ဝါရီ ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၌ စွမ်းရည်ပြည့်ဝစေရေးအတွက် လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၄ ) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်က ပေါင်မြို့နယ် မုတ္တမကျေးရွာ မဂဒူးခန်းမ၌ ပြုလုပ်သည်။ **(အောက်ပုံ)**



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကျော်နိုင်ဦးက သင်တန်းပြုလုပ်ပေးရသည့်ရည်ရွယ်ချက်နှင့် စွမ်းရည်ပြည့်ဝစွာဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အမှာစကားပြောကြား ပြီး သင်တန်းသား အရန်မီးသတ်တပ်ဖွဲ့ဝင်များကို တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်က သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။

အဆိုပါသင်တန်းကို မုတ္တမကျေးရွာ မဂဒူးခန်းမ၌ ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ လေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြတ်ကိုကို ဦးဆောင်သည့်နည်းပြများက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးဆိုင်ရာဘာသာရပ်များကို ပေါင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသား အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်၌ လျှပ်စစ်ဒယ်နီအိုး ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဖေဖော်ဝါရီ ၁ ရက်က လျှပ်စစ်ဒယ်နီအိုး ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် ရန်ကုန်-ပြည် ကားလမ်းဘေးရှိ ဦးသောင်းညွန့်၏ ခြံဝင်းအတွင်း မီးလောင်နေကြောင်း သတင်းအရ တိုက်ကြီးမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် သုံးစီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ခြောက်မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်ကို စိစစ်ရာ ဦးသောင်းညွန့်၏ ခြံဝင်းအတွင်း ခြံစောင့်လုပ်ကိုင်နေသော ဟန်လင်းအောင်(၅၈)နှစ်သည် ၎င်းနေထိုင်သည့် ခနိမိုး၊ မြေစိုက်ဝါးတဲ၌ လျှပ်စစ်ဒယ်နီအိုးကို မီးပလတ်မဖြုတ်ဘဲ ထားရှိခဲ့ရာမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် မီးလောင်မှုကြောင့် အဆိုပါတဲမှာ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့သဖြင့် ဟန်လင်းအောင် အား တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်တွင် နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်ဌေး ဦးဆောင်၍ ရပ်ကွက်/ ကျေးရွာများအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂ ရက်က အမှတ်(၆) ရပ်ကွက်ရှိ ပေါက်မြိုင်ကျောင်းတိုက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ ဝေကြည်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး သရက်မြို့၌ စက်သုံးဆီဆိုင်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၂ ရက်က ဆောင်ရွက်စဉ်။ ခရိုင် (ပြန်/ဆက်)



မြင်းခြံမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးအောင်ကိုသန့်နှင့် သန္ဓေမီးသတ်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သောအဖွဲ့ ဖေဖော်ဝါရီ ၂ ရက်က အမှတ်(၅)ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးခြင်းများ၊ မီးဘေးကာကွယ်ရေးသီချင်းများဖြင့် လှည့်လည်ဆော်ဩခြင်းများ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



ဖေဖော်ဝါရီ ၂ ရက်က အိမ်မဲမြို့နယ် တကူဆိပ်ကျေးရွာ အ.ထ.က တွင် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဝေယံစိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသစဉ်။ ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)



မင်းလှမြို့နယ် ဈေးမီးဘေးလုံခြုံရေးစစ်ဆေးရေးအဖွဲ့မှ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၁ ရက်က ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မိုးဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်တို့ပူးပေါင်း၍ ဈေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးပြီး ဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများ ထားရှိသည့်အခြေအနေ စစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များတပ်ဆင်အပ်နှင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်း ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က လက်နက်များ တပ်ဆင်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များ အပ်နှင်းပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ ကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဟားခါးတက္ကသိုလ်၌ ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံ လေ့လာတင်ပြဟောပြောပွဲပြုလုပ်

**ဟားခါး ဖေဖော်ဝါရီ ၂**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ လေ့လာတင်ပြ ဟောပြောပွဲကို ဖေဖော်ဝါရီ ၁ ရက်က ဟားခါးတက္ကသိုလ်၌ ကျင်းပသည်။



ဦးစွာ ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ နွယ်သင်းနီက အမှာစကား ပြောကြားပြီး ဟားခါးတက္ကသိုလ် သမိုင်းပါမောက္ခ ဒေါက်တာ နန်းလှိုင်က ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ မျိုးဆက်သစ်လူငယ်များအတွက် နိုင်ငံချစ်စိတ်၊ ပြည်နယ်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ချင်းအမျိုးသားရေးစိတ်ဓာတ်ကောင်းများ ရှင်သန်ပေါက်ဖွား လာစေရေးအတွက် နှစ်စဉ်နှစ်တိုင်း ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပနေမှုများကို ရှင်းလင်းတင်ပြဟောပြောသည်။


ယင်းနောက် ဟားခါးတက္ကသိုလ် နေ့သင်တန်း ကျောင်းသား ကျောင်းသူများက ထပ်မံသိရှိလိုသည့်အချက်များကို မေးမြန်းကြပြီး သမိုင်းပါမောက္ခ ဒေါက်တာ နန်းလှိုင်က ပြန်လည်ဖြေကြားသည်။ အဆိုပါ ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံ လေ့လာတင်ပြ ဟောပြောပွဲသို့ ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ နွယ်သင်းနီ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ခရိုင် (ပြန်/ဆက်)

# ပုလောမြို့နယ် နန်းပရုပ်ကျေးရွာမှ သံဃာတော်ခြောက်ပါးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းအဖြစ် ဖမ်းဆီးသွားခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် နန်းပရုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နှစ်ရက်ကြာ ဝင်ရောက် တပ်စွဲခဲ့ပြီးနောက် ပြန်သွားချိန် ဖေဖော်ဝါရီ ၁ ရက်တွင် အဆိုပါဘုန်းကြီးကျောင်းမှ သံဃာတော်ခြောက်ပါးကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်




မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် နန်းပရုပ်ကျေးရွာ ဘုန်းကြီးကျောင်းတွင် ဝင်ရောက်တပ်စွဲခဲ့ခြင်း မရှိသလို သံဃာတော်များကိုလည်း ဖမ်းဆီးခြင်းမရှိကြောင်း သိရှိရသည်။

ပုလောမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဒေသခံပြည်သူများနှင့် အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေး မီဒီယာများက ကောလာဟလ သတင်းများဖြင့် သွေးထိုး လှုံ့ဆော်ပြီး နယ်မြေတည်ငြိမ်မှု ပျက်ပြားစေရန်အတွက် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မတ္တရာတွင် တပ်မတော်က တစ်ရက်တည်း ရွာလေးရွာကို မီးရှို့ပြီး လက်နက်ကြီးနှင့် ပစ်သဖြင့် ထိခိုက်သူများရှိဟု မဟုတ်မမှန်သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အရှေ့ခြမ်းမှ ကျေးရွာလေးရွာကို တပ်မတော်က မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် လက်နက်ကြီးနှင့်ပစ်ခတ်သဖြင့် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေလုံခြုံရေး တာဝန်ရှိသူများနှင့် ဒေသခံရွာသားများထံမှ ကြားသိရသော သတင်းများအရ အဆိုပါ ကျေးရွာများတွင် PDF အကြမ်းဖက်အဖွဲ့များက ကျေးရွာအတွင်း ဝင်ရောက်စုဖွဲ့မှုများ ပြုလုပ်ကာ တပ်မတော် စစ်ကြောင်းများ နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည်ကို ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခြင်း၊ အခွင့်မသာပါက ကျေးရွာအား မီးရှို့ထွက်ပြေးခြင်းများ လုပ်ဆောင်လျက်ရှိပြီး ယင်းလုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည်ဟု သတင်းမှားများကို တစ်ဖက်သတ် လုပ်ကြံရေးသားကာ လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ko Taylay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အမှတ်(၁)ရပ်ကွက်(မြို့သစ်)နေ တင်ဝင်းလှိုင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် ကျည်တောင်ကန် နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်ခ်မက်)အတွက် Logo Design ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း အသိပေးခြင်း

၁။ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) (Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy ACMECS) အဖွဲ့အတွက် Logo Design ပြိုင်ပွဲကို ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၅၀၀ နှင့် တတိယဆု အမေရိကန်ဒေါ်လာ ၃၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါပြိုင်ပွဲသို့ အသက် ၁၅ နှစ်နှင့်အထက် မြန်မာနိုင်ငံသားများ တစ်ဦးချင်းသို့မဟုတ် အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ Logo Design ၏ Theme မှာ "ACMECS as an adaptive and forward-looking sub-regional cooperation framework and connector with other sub-regional and regional frameworks towards a prosperous and sustainable Mekong sub-region" ဖြစ်ပါသည်။ ပြိုင်ပွဲလျှောက်လွှာများကို ACMECS Interim Secretariat ၏ အီးမေးလ် acmecs.sec@gmail.com သို့ **၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ** ပေးပို့လျှောက်ထားနိုင်ပါသည်။

၃။ အက်ခ်မက် Logo Design ပြိုင်ပွဲဝင်သူများ သိရှိလိုက်နာရန်နှင့် နည်းပညာဆိုင်ရာ အဓိကအချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ပြိုင်ပွဲဝင်သူသည် Logo Design ရေးဆွဲသူကိုယ်တိုင်ဖြစ်ရမည်။ Logo Design သည် မူရင်းဖြစ်ရမည်။ အငြင်းပွား/ကန့်ကွက်ဖွယ်ရာများ မပါရှိရ။ အခြားအဖွဲ့အစည်း၏ ဉာဏပိုင်ဆိုင်မှုအခွင့်အရေးကို ဖောက်ဖျက်ခြင်းမရှိရ။

(ခ) ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ACMECS Interim Secretariat တို့သည် ပြိုင်ပွဲဝင် Logo Design နှင့်ပတ်သက်သည့် မူပိုင်ခွင့်ချိုးဖောက်မှု၊ ဉာဏပိုင်ဆိုင်မှုချိုးဖောက်မှုများနှင့် ပြင်ပအဖွဲ့အစည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တာဝန်မယူပါ။

(ဂ) ဆုရရှိသည့် Logo Design သည် ACMECS Interim Secretariat ၏ ဉာဏပိုင်ဆိုင်မှုဖြစ်ပြီး ဆုရရှိသူအနေဖြင့် ဆုလက်ခံပြီးသည့်အချိန်မှစ၍ ၎င်း Logo Design နှင့်ပတ်သက်၍ မည်သည့်အခွင့်အရေးမှ ခံစားနိုင်မည်မဟုတ်ပါ။

(ဃ) ပြိုင်ပွဲဝင်များသည် Logo Design ကို JPEG/PNG/PDF ဖိုင်အမျိုးအစားဖြင့် ပေးပို့ရမည်။ Logo သည် High Resolution နှင့် အနည်းဆုံး 300 DPI အရွယ်အစား ဖြစ်ရမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရေးဆွဲထားသော Logo ဖြစ်ရမည်။ ပြိုင်ပွဲဝင်များသည် Logo Design ကို ရေစာ (imprint/watermark) ကဲ့သို့ ရေးဆွဲ၍ မရပါ။ Logo Design သည် အရောင်ဖြင့် ဖြစ်ရမည်။

(င) ဆုရွေးချယ်ခံရသူသည် ၎င်း Logo Design ကို အချိုးအစား အတိအကျ ဖော်ပြထားသည့် Specification Sheet ဖြင့် Final Design၊ Theme Synopsis နှင့် Concept တို့နှင့်အတူ ပေးပို့ရမည်။ ဆုရွေးချယ်ခံရသူသည် ၎င်း Logo Design ကို ပြုပြင်နိုင်သော Open File Format ဖြင့်လည်း ပေးပို့ရမည်။

၄။ ပြိုင်ပွဲဝင်များအား အောက်ပါအတိုင်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင် လျှောက်လွှာများကို ACMECS Interim Secretariat မှ စိစစ်လက်ခံ၍ အက်ခ်မက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဆုရွေးချယ်ရေးကော်မတီမှ အကဲဖြတ်ရွေးချယ်မည်ဖြစ်သည်။

(ခ) ပြိုင်ပွဲဝင်လျှောက်လွှာများကို တီထွင်ဆန်းသစ်မှု၊ မူပိုင်ဒီဇိုင်းဖြစ်မှု၊ ဖွဲ့စည်းတည်ဆောက်မှု၊ နည်းပညာဆိုင်ရာအရည်အသွေးပြည့်ဝမှု၊ ရိုးရှင်းမှု၊ အနုပညာဆန်မှု၊ အမြင်သင့်လျော်မှုနှင့် Logo Design ၏ Theme နှင့် လိုက်လျောညီထွေရှိမှုတို့အပေါ် အခြေခံ၍ အကဲဖြတ်သွားမည်။

(ဂ) သတ်မှတ်ချက်နှင့် မကိုက်ညီသည့် ပြိုင်ပွဲဝင်လျှောက်လွှာများကို ACMECS Interim Secretariat မှ အသုံးပြုမည်မဟုတ်ပါ။ ပြိုင်ပွဲ/ပြိုင်ပွဲဝင်လျှောက်လွှာများ/ ဆုရရှိသူများနှင့်ပတ်သက်၍ ဥပဒေကြောင်းအရ ဆောင်ရွက်ရန်ကိစ္စရပ် တစ်စုံတစ်ရာပေါ်ပေါက်လာပါက ထိုင်းနိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

၅။ ပြိုင်ပွဲလျှောက်လွှာပုံစံ (Application Form)၊ Terms and Conditions နှင့် ပြိုင်ပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို https://shorturl.at/zAJOW နှင့် ပူးတွဲကြော်ငြာချက်ပါ QR Code တို့တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။




မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၀၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၂-၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၅၅ ကျပ် | ၂၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၀၀ ကျပ် | ၂၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၆၅ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၀ ကျပ် | ၂၉၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၆၀၀ | ၂၈၉၅ | ၂၄၉၀၁၂၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၁၀၄၀၇ | ၃၀၁၉၀၆၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၇၀ | ၅၆၀၀၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၀၁၃ | ၁၅၇၀၁၅၀ |
| TMH | ၂၅၀၀ | ၂၄၀၀ | ၁၀၁ | ၂၄၇၅၀၀ |
| EFR | ၁၉၀၀ | ၁၉၀၀ | ၆၇ | ၁၂၇၃၀၀ |
| AHPC | ၄၇၀၀ | ၄၈၀၀ | ၃၀ | ၁၄၁၉၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၆၉ | ၁၂၀၇၅၀ |

PREMIER LEAGUE GAME WEEK 23

ယခုတစ်ပတ်မှာ တန်းဆင်းဇုန်ဖိအားရှိတဲ့ အဲဗာတန်က စပါး၊ နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ ဝက်စ်ဟမ်းက မန်ယူ၊ နိုင်ပွဲဆက်နေတဲ့ အာဆင်နယ်က အမှတ်ပေးဇယား ဦးဆောင်သူ လီဗာပူးအသင်းနဲ့ ဆုံတွေ့နေပါတယ်။ ဒါကြောင့် ဘယ်အသင်းက နိုင်ပွဲရယူပြီး ဘယ်အသင်းက ရှုံးပွဲကြုံတွေ့သွားမလဲ စိတ်ဝင် စားဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# အမ်းမရိုတ်ကွင်းမှာ လီဗာပူးကို အက်ဖ်အေဖလား ရှုံးကြွေးပြန်ဆပ်ဖို့ ကြိုးစားလာမယ့် အာဆင်နယ်



## အဲဗာတန် Vs စပါး

အဲဗာတန်နဲ့ စပါးအသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

စနေနေ့ ည–၇း၀၀ Goodison Park

| | | | |
|---|---|---|---|
| စပါး | ၂ – ၁ | အဲဗာတန် | ပရီမီယာလိဂ် |
| အဲဗာတန် | ၁ – ၁ | စပါး | ပရီမီယာလိဂ် |
| စပါး | ၂ – ၀ | အဲဗာတန် | ပရီမီယာလိဂ် |

အဲဗာတန်က ဒီရာသီမှာ ထိုက်သင့်တဲ့ ခြေစွမ်းပြသထားပြီး ရလဒ်ကောင်းတွေ ရရှိထားပေမယ့် အမှတ်လျှော့ပြစ်ဒဏ်ကြောင့် တန်းဆင်းဇုန်ဖိအားနဲ့ ရင်ဆိုင်နေရတယ်။ အဲဗာတန်က ဒီရာသီအိမ်ကွင်း ၁၁ ပွဲမှာ သုံးပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တာကြောင့် အဝေးကွင်းထက် အိမ်ကွင်းအားနည်းတတ်တယ်။ စပါးက ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘရန့်ဖို့ဒ်ကို အနိုင်ရခဲ့တယ်ဆိုပေမယ့် အကြိတ်အနယ်ကစားခဲ့ရတယ်။ စပါးထက် တန်းဆင်းဇုန်ဖိအားရှိတဲ့ အဲဗာတန်ရဲ့ ရုန်းအားကို ကြည့်ရမယ်။

## မန်ယူ Vs ဝက်စ်ဟမ်း

မန်ယူနဲ့ ဝက်စ်ဟမ်းအသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

တနင်္ဂနွေနေ့ ည – ၈း၃၀ Old Trafford

| | | | |
|---|---|---|---|
| ဝက်စ်ဟမ်း | ၂ – ၀ | မန်ယူ | ပရီမီယာလိဂ် |
| ဝက်စ်ဟမ်း | ၁ – ၀ | မန်ယူ | ပရီမီယာလိဂ် |
| မန်ယူ | ၃ – ၁ | ဝက်စ်ဟမ်း | ပရီမီယာလိဂ် |

မန်ယူရဲ့ ခြေစွမ်းက ဒီရာသီမှာ တည်ငြိမ်မှု မရှိဘူး။ အဝေးကွင်းထက် အိမ်ကွင်းမှာ ပေးဂိုးခွင့်ပြုရတာ ပိုများတာ တွေ့ရတယ်။ ဝက်စ်ဟမ်းက နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတာကြောင့် မန်ယူကို အနိုင်ရဖို့ သေချာပြင်ဆင်လာမှာပါ။ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ကြိမ်မှာ ဝက်စ်ဟမ်းက အသာရထားပြီး နှစ်ကြိမ်စလုံး အနိုင်ရရှိထားတယ်။ အပြန်အလှန် သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိပြီး ခံစစ်အားနည်းတတ်တဲ့ မန်ယူ အသင်း မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

## ဘုန်းမောက် Vs နော်တင်ဟမ်

ဘုန်းမောက်နဲ့ နော်တင်ဟမ်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

တနင်္ဂနွေနေ့ ည – ၈း၃၀ Vitality Stadium

| | | | |
|---|---|---|---|
| နော်တင်ဟမ် | ၂ – ၃ | ဘုန်းမောက် | ပရီမီယာလိဂ် |
| ဘုန်းမောက် | ၁ – ၁ | နော်တင်ဟမ် | ပရီမီယာလိဂ် |
| နော်တင်ဟမ် | ၂ – ၃ | ဘုန်းမောက် | ပရီမီယာလိဂ် |

ဒီနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုနဲ့ ရမှတ်စုဆောင်းနိုင်မှုမှာ ဘုန်းမောက်က သာလွန်မှု ရှိတယ်။ နော်တင်ဟမ်အသင်းက တန်းဆင်းဇုန်ဖိအားနဲ့ ရင်ဆိုင်နေရတယ်။ ဘုန်းမောက်က ဒီရာသီမှာ အိမ်ကွင်း၊ အဝေးကွင်း တည်ငြိမ်မှုရှိပြီး နော်တင်ဟမ်က အဝေးကွင်း အားနည်းတယ်။ နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်ဖို့ ခြေကုန်ထုတ်လာမယ့် နော်တင်ဟမ်ကို ဘုန်းမောက်အသင်း ခက်ခက်ခဲခဲ ကစားရဖွယ်ရှိတယ်။ မည်သို့ပင်ဆိုစေ နော်တင်ဟမ်ရဲ့ ရုန်းအားကြောင့် ဘုန်းမောက်အသင်း ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

## ချယ်ဆီး Vs ဝုဖ်

ချယ်ဆီးနဲ့ ဝုဖ်အသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

တနင်္ဂနွေနေ့ ည – ၈း၃၀ Stamford Bridge

| | | | |
|---|---|---|---|
| ဝုဖ် | ၂ – ၁ | ချယ်ဆီး | ပရီမီယာလိဂ် |
| ဝုဖ် | ၁ – ၀ | ချယ်ဆီး | ပရီမီယာလိဂ် |
| ချယ်ဆီး | ၃ – ၀ | ဝုဖ် | ပရီမီယာလိဂ် |

နှစ်သင်းကြား ခြေစွမ်းကွာဟမှု သိပ်မရှိဘူး။ ချယ်ဆီးအနေနဲ့ ပြီးခဲ့တဲ့ လီဗာပူးနဲ့ပွဲက ဂိုးပြတ်ရှုံးနိမ့်မှုကို ချေဖျက်ဖို့ ဒီပွဲစဉ်ကို ခြေကုန်ထုတ်လာမှာ သေချာတယ်။ ဝုဖ်အသင်းက ဒီရာသီ ယှဉ်ပြိုင်ကစားခဲ့တဲ့ အဝေးကွင်း ၁၁ ပွဲမှာ ပေးဂိုး ၁၇ ဂိုးအထိ ခွင့်ပြုထားရတယ်။ ဒ့ါအပြင် ရမှတ်စုဆောင်းရရှိမှုမှာလည်း အိမ်ကွင်းထက် နည်းတယ်။ ချယ်ဆီးက ခြေစွမ်းအတက်အကျ ပုံမှန်မရှိဘူးဆိုပေမယ့် အဝေးကွင်း အားနည်းတတ်တဲ့ ဝုဖ်ကို ကျော်ဖြတ်နိုင်စွမ်းရှိတယ်။

## အာဆင်နယ် Vs လီဗာပူး

အာဆင်နယ်နဲ့ လီဗာပူးအသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

တနင်္ဂနွေနေ့ ည – ၁၀း၀၀ Emirates Stadium

| | | | |
|---|---|---|---|
| အာဆင်နယ် | ၀ – ၂ | လီဗာပူး | အက်ဖ်အေ |
| လီဗာပူး | ၁ – ၁ | အာဆင်နယ် | ပရီမီယာလိဂ် |
| လီဗာပူး | ၂ – ၂ | အာဆင်နယ် | ပရီမီယာလိဂ် |

အသင်းကြီး အချင်းချင်းထိပ်တိုက်တွေ့ဆုံမှုဖြစ်တဲ့အပြင် ခံစစ်တည်ငြိမ်တဲ့ အသင်းချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။ လီဗာပူးက အမှတ်ပေးဇယားကို ပြတ်သားတဲ့ရလဒ်နဲ့ ဦးဆောင်ဖို့ ကြိုးစားလာမှာဖြစ်သလို အာဆင်နယ်ကလည်း ရမှတ်ကွာဟမှု လျှော့ချ နိုင်ဖို့ ကြိုးစားလာမှာပါ။ ဒီနှစ်သင်း ဇန်နဝါရီ ၇ ရက်က အက်ဖ်အေဖလားမှာ တွေ့ဆုံထားပြီး လီဗာပူးက အနိုင်ရရှိထားတယ်။ ယခုအကြိမ်မှာ အာဆင်နယ် ရှုံးကြွေးပြန်ဆပ်သွားနိုင်မလား စိတ်ဝင်စားဖွယ်ရာပင်။

## ဘရန့်ဖို့ဒ် Vs မန်စီးတီး

ဘရန့်ဖို့ဒ်နဲ့ မန်စီးတီးအသင်း တွေ့ဆုံမှု နောက်ဆုံး သုံးပွဲရလဒ်

အင်္ဂါနေ့ နံနက်– ၂း၃၀ Gtech Community Stadium

| | | | |
|---|---|---|---|
| ဘရန့်ဖို့ဒ် | ၁ – ၀ | မန်စီးတီး | ပရီမီယာလိဂ် |
| မန်စီးတီး | ၁ – ၂ | ဘရန့်ဖို့ဒ် | ပရီမီယာလိဂ် |
| မန်စီးတီး | ၂ – ၀ | ဘရန့်ဖို့ဒ် | ပရီမီယာလိဂ် |

မန်စီးတီးအသင်းက ဒီရာသီမှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်ထားနိုင်ပေမယ့် ဘရန့်ဖို့ဒ်အသင်းနဲ့ တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်တာ တွေ့ရတယ်။ ဒါပေမယ့် လက်တလောခြေစွမ်းတွေအရ ဘရန့်ဖို့ဒ်အနေနဲ့ မန်စီးတီးကို အသာရဖို့ မလွယ်ဘူး။ အသင်းအဓိက တိုက်စစ်ကစားသမား ဟာလန်းလည်း ဒဏ်ရာမှ သက်သာကာ ပြန်လည်ပါဝင်လာပြီ ဖြစ်တာကြောင့် ဘရန့်ဖို့ဒ်အနေနဲ့ မန်စီးတီးအသင်းကို အခက်တွေ့အောင်သာ ကစားနိုင်ဖွယ်ရှိတယ်။



## မိုင်နို၏ နောက်ကျသွင်းဂိုးကြောင့် ဝုဖ်ကို လေးဂိုး-သုံးဂိုးဖြင့် မန်ယူ အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၂၂) မှ ဖေဖော်ဝါရီ ၂ ရက် နံနက် ၂ နာရီ ၄၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ဝုဖ်နှင့် မန်ယူအသင်းပွဲစဉ်တွင် မန်ယူအသင်းက မိုင်နို၏ နောက်ကျသွင်းဂိုးကြောင့် လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲစဉ်မှာ နှစ်ဖက်သွင်းဂိုးပေါင်း ခုနစ်ဂိုးရှိသည်အထိ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ မန်ယူ အသင်းအတွက် သွင်းဂိုးများကို ရက်ဖို့ဒ်၊ ဟွိုက်လန်း၊ တွန်မီနေးနှင့် မိုင်နိုတို့က သွင်းယူပေးပြီး ဝုဖ်အသင်း အတွက် သွင်းဂိုးများကို ဆာရာဘီယာ၊ ကီးလ်မန်းနှင့် နီတိုတို့က သွင်းယူပေးနိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခု အနိုင်ပွဲကြောင့် ၂၂ ပွဲကစားပြီး ရမှတ် ၃၅ မှတ်ရရှိလာပြီ ဖြစ်သည်။ ပြိုင်ဘက် ဝုဖ်အသင်းက ယခုပွဲ ရှုံးနိမ့်မှုကြောင့် ရှုံးပွဲ ကိုးပွဲအထိ ရှိလာပြီ ဖြစ်သည်။ ထို့အပြင် ဝုဖ်အသင်းသည် ယခုပွဲရှုံးနိမ့်မှုမှာ ဒီဇင်ဘာ ၁၇ ရက်က ဝက်စ်ဟမ်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက်ပိုင်း ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ခြင်းလည်း ဖြစ်သည်။

■ မိုးဇက် – စုစည်းသည်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၅-တလုံးတောရ )၊ ဦးပိုင်အမှတ်( ၁၂၂-က )၊ ဧရိယာ(၀.၂၈၁)ဧကရှိမြေအား အမှုတွဲအမှတ် ၃၅၄/၁၉၉၃အရ (၂၇-၁-၁၉၉၄)မှ (၂၆-၁-၂၀၂၄)ထိ နှစ်(၃၀) မြေငှားစာချုပ်အား ဦးချစ်သိန်း အမည်ဖြင့် ချထားပေးပြီး ဦးချစ်သိန်းအမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ကော်လီတွေ့ာ်အရာရှိ၊ မုံရွာခရိုင်**
**အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁/၅- သလ္လာမြို့သစ် )၊ ဦးပိုင်အမှတ်( ၁၁ လမ်း-၂၇)၊ ဧရိယာ(၀.၁၁၀)ဧကရှိ မြေအား အမှုတွဲအမှတ် ၁၆၉၈/၁၉၉၂-၁၉၉၃ အရ ဦးအုန်းလှအမည်ဖြင့် (၇-၆-၁၉၉၃) မှ (၆-၆-၂၀၂၃)ထိ နှစ်(၃၀) ချထားပေးသော မြေကွက်ဖြစ်ပြီး ဦးကိုကိုနောင်အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း/သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာ ပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း/သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လီတွေ့ာ်အရာရှိ၊ မုံရွာခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစကျူဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော် ဦးဆောင်၍ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့်အတူ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈**

## လုပ်ငန်းအမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးစီးကြောင်းကြေညာခြင်း

SHWE THIT SAR JEWELLERY

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက်နေ့တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လုပ်ငန်းအမှတ်တံဆိပ် မှတ်ပုံတင်စာချုပ်အမှတ် ၄/၁၀၄၄၄ ဖြင့် မှတ်ပုံတင်သွင်းပြီးစီးခဲ့ပြီး SHWE THIT SAR JEWELLERY လုပ်ငန်းအမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ရတနာပစ္စည်း အမျိုးမျိုးတို့ကို ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

မူလပိုင်ရှင် SHWE THIT SAR JEWELLERY ၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းအမှတ်တံဆိပ်အား ပုံတူပြုလုပ် သုံးစွဲခြင်းများရှိပါက တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံးတွင် ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုးဇင် ၁၂/ရကန(နိုင်)၀၅၅၈၁၉၊**
**ဖုန်း-၀၉-၇၉၀၆၉၈၅၃၃**

## အထွေထွေကိုယ်စားလှယ်လွှဲစာအားပြန်လည် ရုပ်သိမ်းကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ပဒေသာမြို့သစ်၊ အမှတ်(ဃ-ရပ်ကွက်)နေ ဦးနေစိုး(ဘ)ဦးရွှေ ၅/မမတ(နိုင်)၀၆၅၆၃၂မှ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂၁) ၊ မိုးကြိုးပစ်နေ ဒေါ်ဝင့်မို့မို့ (ဘ)ဦးအောင်ချစ်ခိုင် ၁၂/ကတတ(နိုင်)၀၂၉၉၈၆ထံသို့ ၃၀-၁-၂၀၂၃ရက်တွင် ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၁/၂၀၂၃ဖြင့် လွှဲအပ်ခဲ့ပါသည်။ ယင်းအထွေထွေကိုယ်စားလှယ်လွှဲစာအား ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်စားလှယ်စာ ရရှိထားသူ ဒေါ်ဝင့်မို့မို့နှင့် အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်စိုးသူ ( LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၉၈)**
**အမှတ်(၄၃)၊အာဇာနည်လမ်းသွယ်(၃)၊ (၁၄)ထုံးဘိုရပ်၊**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့။ ဖုန်း-၀၉-၆၈၂၆၆၂၂၂၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၆)၊ မြေကွက်အမှတ်(၅၇၅/ခ)၊ အကျယ်အဝန်း (၂၀X၆၀)ပေရှိ (ယခုအခေါ် အမှတ်(၅၇၅/ခ)၊ ဆရာစံလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်) ဟုခေါ်တွင်သော ဦးဌေးဝင်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးပုလဲ ၁၁/မပန(နိုင်)၁၁၆၉၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါမြေကွက်နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက် စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်း များနှင့် အတူကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက် - ၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၂၀၀၉၇၀၇၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ငုရွှေဝါလမ်း၊ (၁၁)ရပ်ကွက်၊ အမှတ်(၆၅၇)၊ အကျယ်အဝန်း (၄၀x၆၀)ပေမြေသည် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန မြေယာဌာနတွင် ဦးမျိုးညွန့် အမည်ပေါက်ပါမစ်မြေဖြစ်ပြီး နေထိုင်ပိုင်ဆိုင်သူ ဦးမျိုးညွန့်ထံမှ ကျွန်ုပ်မိတ်ဆွေက(၁၁-၈-၂၀၁၂)ခုနှစ်ကတည်းက ဝယ်ယူပြီးလက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဝယ်ယူထားသော မြေအိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း မူရင်း အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်မိုးလှိုင် H.G.P, B.Sc(Chem:)** | **ဒေါ်စိုးစိုးနိုင်LL.B, D.I.L,W.I.PO** |
| **အထက်တန်းရှေ့နေ(စဉ်-၂၁၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁၁)** |

**အမှတ်(၃၄၉)၊ မဥ္ဇူလမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၆၈၈၀၁၁၅၅၃**

## မွေးသက္ကရာဇ်အမှန်

ကြို့ပင်ကောက်မြို့နယ်၊ ဈေးချိုတောင်ရပ်ကွက်၊ မြရတနာလမ်းနေ (ဘ)ဦးစံငြိမ်း၏သား ဦးအောင်ဇော် ၇/ကပက(နိုင်)၀၆၁၆၈၇၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၅-၁၉၆၇ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ဦးခင်မောင်ငွေ၏သမီး မအေးမာငွေ ၈/တတက(နိုင်)၂၄၃၁၆၃၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၅၈၆၄၄၂**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အထက-၁၊ Grade-11 မှ မရွှန်းလဲ့ဝါ၏ ဖခင်အမည်မှန်မှာ ဦးနေလင်းအောင် ၇/ဖမန(နိုင်) ၁၃၈၆၆၂ ဖြစ်ပါကြောင်း။

**ဦးနေလင်းအောင်**

## မိဘအမည်မှန်

ရမည်းသင်းမြို့၊ ဟိန်းကိုယ်ပိုင် အထက်တန်းကျောင်း G-11မှ မကြယ်စင်ထိုက်၏ မိဘအမည်မှန်မှာ ဦးသိန်းထိုက် ၉/ရမသ(နိုင်)၂၆၃၀၀၃နှင့် ဒေါ်မေဆွိ ၉/ရမသ(နိုင်)၂၁၉၄၀၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ သံလွင်ရိပ် မွန်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(အေ)၊တိုက်အမှတ် The Aurora(အေ-၅ )၊ အခန်း (၂၂၀)၊ Area (၆၂၂ )Sqft တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးမြင့်ဇော် ၇/တငန(နိုင်)၀၁၂၈၈၅ထံမှအပြီး အပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့် အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစဆိုင်းလွှာ(ဥက္ကဌ)**
**ယေဟောဝါသက်သေ (ကင်းမျှော်စင်) အသင်း(ကိုယ်စား)**
**၁၄/ဇလန(နိုင်)၀၉၁၆၀၆**
**ဖုန်း-၀၉-၂၅၃၀၉၀၉၃၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ -၂၀)**
**မင်းလှမြို့နယ်တရားရုံးတော်**
**၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂**

| | | |
|---|---|---|
| ဦးအောင်နိုင်ဦး | နှင့် | ဒေါ်ပုကြည် |
| (တရားလို) | | (တရားပြိုင်) |

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ကိုင်းငယ်လေးကျေးရွာနေ တရားပြိုင် ဒေါ်ပုကြည်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်အပေါ်၌ တရားလိုက အကြင်လင်မယားအဖြစ်မှကွာရှင်း ပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်) မွန်းမတည့်မီ နံနက် (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက် သည်။

**(ကျော်ထက်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မင်းလှမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ -၂၀)**
**မင်းလှမြို့နယ်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅**

| | | |
|---|---|---|
| ဦးမြတ်ဇော် | နှင့် | ၁။ ဦးသိန်းဇော် |
| | | ၂။ ဒေါ်ခင်နွယ်ဦး |
| (တရားလို) | | (တရားပြိုင်များ) |

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ရုံးရပ်မြောက်ပိုင်း၊ အမှတ်(၈)ရပ်ကွက်နေ တရားပြိုင်ဦးသိန်းဇော်နှင့် ဒေါ်ခင်နွယ်ဦး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ချေးငွေ (၁၅) သိန်းကျပ်နှင့် နစ်နာကြေးငွေ (၅)သိန်းကျပ် စုစုပေါင်းငွေသိန်း(၂၀)ကျပ်တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၉ ရက် (၁၃၈၅ခု ၊ တပို့တွဲလဆန်း (၁၀)ရက်)၊ မွန်းမတည့်မီ နံနက်(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက် သည်။

**(ကျော်ထက်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မင်းလှမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိဇေယျာလမ်း၊ မြေကွက်အမှတ် (၁၁၆) ဟုခေါ်တွင်သော အလျားxအနံ (၂၀x၅၅) ပေအကျယ်ရှိ ဦးသံချောင်းအမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးအောင်သူဟိန်း (ဘ)ဦးသန်းနိုင် (၁၀/ကတန(နိုင်)၁၅၃၇၆၉)နှင့် ဒေါ်ချစ်ဖူးဝေ (ဘ)ဦးမြင့်သိန်း (၁၂/သကတ(နိုင်)၁၈၁၃၂၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာအောင် (ဘ)ဦးတင်လှိုင် (၇/တငန(နိုင်)၀၂၈၇၄၂)က ပြန်လည်ဝယ်ယူရန် အတွက် ၎င်းအားစရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇာနည် ( LL.B,D.B.L)** | **ဒေါ်အိအိမော်(ခ)အိသန္တာအောင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၆၈)** | **(LL.B) တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ် - ၁၈၇၂၆)** |

**ဗိုလ်မိုးညိုလမ်းသွယ် ၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊သန်လျင်မြို့၊**
**ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၅၊ သန်လျင်ဈေးတန်းကွက်)၊ ဦးပိုင်အမှတ် (၅၉)ဟုခေါ်တွင်သော ဧရိယာ (၀.၀၈၃)ဧကရှိ ဦးဘိုးသန့်၊ ဒေါ်တောင် အမည်ပေါက် ၃(ခ)ဝန်ခံချက်လက်မှတ်ရရှိထားသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးလပြည့်ဝန်း(ဘ) ဦးတင်မောင် (၁၂/ကတတ(နိုင်)၀၂၄၈၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းကြည်(ဘ)ဦးမင်းနိုင် (၁၂/အစန(နိုင်)၁၅၉၇၂၈)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇာနည် ( LL.B,D.B.L)** | **ဒေါ်အိအိမော် (ခ)** |
| **တရားလွှတ်တော်ရှေ့နေ** | **အိသန္တာအောင် ( LL.B )** |
| **(စဉ်-၁၄၆၆၈)** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၇၂၆)** |

**ဗိုလ်မိုးညိုလမ်းသွယ် ၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ(၃)လမ်း၊ အမှတ်(၄၂၈)(၂)ခန်းတွဲ၊ (၇)ထပ်တိုက်(RC)၏ ဆဋ္ဌမထပ်(၇-လွှာ)၊ အခန်းအမှတ်(A)တိုက်ကို မျက်နှာမူလျှင် (ညာဘက်)ခြမ်း၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ)ခန့်အကျယ်အဝန်းရှိ တိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော ကိုယ်ပိုင်မီတာ/ကိုယ်ပိုင်မော်တာနှင့် အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (၁)ဦးထက်ပိုင်မိုး (၁၂/မဂဒ(နိုင်)၁၆၅၇၂၃)၊ (၂) ဒေါ်ဖြေရယ်မင်း (၁/မကတ(နိုင်)၁၃၇၂၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်သဘောတူညီချက်အရ အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းပြောဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍( ၇ )ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့်လာ ရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂)(LL.B) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၁၀၄၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၆၂၁၂၈, Honda Dream-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်းကျော် ၆/ထဝန(နိုင်)၀၉၁၀၆၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၃၇၁၆၈, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဂျူလိုင်မိုး ၆/ထဝန(နိုင်)၁၇၅၆၆၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၁၂၈၂၈, Jianshe-110 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလေး ၈/သရန(နိုင်)၀၄၂၉၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12U/4124 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးမင်းအောင် ၇/ကဝန(နိုင်)၁၁၇၉၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

